




mgyoe.com
mgyoe.com

mgyoe.com



ဘာပဲဖြစ်ဖြစ် ဖိုးသောကြာသည်
အဖေ့အနုပညာအမွေကို ဆက်ခံသော သရုပ်ဆောင်မို့
ကိုယ်တွေ့တွေကို မကြာခဏ သတိပေးနေဦးမည်သာ။
အင်း ပြောရမယ်ကွာ ဖိုးသောကြာရေ။

ISBN9789997119766
THU22
9 789997 119766
2,000.00KS

mgyoe.com

mgyoe.com

ပြောရမယ်ကွာ ဗိုးသောကြာရေ၊ သုမောင်
မျက်နှာဖုံးပန်းချီ - တော်တီဆွေ
စာမျက်နှာ ၁၂၂ မျက်နှာ၊ ၁၄ • ၅ စင်တီ× ၂၁ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၂၀၊ ဇန်နဝါရီလ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

# (၁)

သားငယ် ထိန်ထိန်သာက ကားမောင်းကြမ်းသည်။ သို့သော် သူက တော်တော် ကားမောင်းလျင်သည်။ ကျွမ်းသည်။

သားကြီး ဖိုးသောကြာက စိတ်ရှည်သည်းခံသည်။ မော်တော်ကားမောင်းလျှင်လည်း ညင်သာသည်။ သို့သော် ဒီကောင်က မဟုတ်မခံ စိတ်ကြီးသည်။ ဂူးဂူးဝါးဝါး လုပ်တတ်သည်။

ထိန်ထိန်သာက ရှေ့ကားကို ကျော်တက်တတ်သော်လည်း အန္တရာယ်ကို မြင်လွယ်သည်။ မျက်နှာချင်းဆိုင်ကားကို သတိထားသည်။ ဘရိတ်ဖမ်းလျှင် နောက်ကားကို ကြည့်ရှုသတိပြုသည်။

ဖိုးသောကြာကား အေးအေးဆေးဆေး မောင်းသော်လည်း နောက်ကားက သူ့ကိုကျော်တက်လို့ ဖင်ယမ်းသွားလျှင်၊ ရှေ့မျက်နှာချင်းဆိုင် ကားခေါင်းချင်းဆိုင်လျှင် လှမ်းအော်တတ်သည်။ နသားဘယားလုပ်တတ်သောကားများနှင့်ကြုံလျှင် အလွန်ဒေါပွသည်။

ထို့ကြောင့် နှစ်ကောင်စလုံးကို သတိပေးပေးနေရသည်။ သူတို့ ကားမောင်းထွက်လျှင် အမြဲတမ်း အမိန့်ပေးရသည်။

"ဟေ့ ထိန်ထိန်သာ ဖြည်းဖြည်းမောင်း"

"ဟေ့ ဖိုးသောကြာ ဒေါသမကြီးနဲ့"

ထိန်ထိန်သာက ကားဖြင့်သွားလျှင် သူငယ်ချင်းတွေ ပါသောကြောင့်

mgyoe.com

mgyoe.com


သတိတစ်မျိုးပေးရပြန်သည်။

"သားက စိတ်ရှည်ပေမဲ့ သူငယ်ချင်းထဲက တစ်ယောက်ယောက် စိတ်မရှည်လို့ တစ်ဖက်ကားက လူငယ်တွေနဲ့ စကားများရင် အန္တရာယ်ရှိမယ်"

ဖိုးသောကြာက တစ်ယောက်တည်း ကားမောင်းတတ်သဖြင့် တစ်မျိုးသတိပေးရပြန်သည်။

"သားကြီးက တစ်ယောက်တည်းသွားတာဆိုတော့ တစ်ဖက်က အများနဲ့ဖြစ်ရင် မချောင်ဘူးကွ"

သူက မင်းသားလည်း လုပ်နေတော့ မျက်နှာသိဖြစ်နေသဖြင့် ချစ်လျှင်လည်း လွန်ရော၊ မုန်းလျှင်လည်း ကျွံရော ဖြစ်နိုင်သည်မဟုတ်လား။

ပြီးတော့ ခုခေတ်မင်းသားငယ်လေးတွေဆိုတာ သူငယ်ချင်း မင်းသမီးလေးတွေ၊ မော်ဒယ်လ်လေးတွေကို ကားပေါ်တွဲခေါ်သွားတတ်ကြသည်။ သူတို့က အရိုးခံပေမည့် တစ်ဖက်လူက တစ်မျိုးမြင်သွားနိုင်သည်။

**ပြောရမယ်ကွာ ဖိုးသောကြာရေ**

ဖေဖေတောင် ဟိုတလောက မင်းမမ ဖေဖွေသမီးကြီးကို ရုံးပြန်အိုဗာတိုင် ကြိုလာတာ ညကြီးမင်းကြီးမို့ မီးပွိုင့်တစ်နေရာမှာတော့ ဆေးချင်းယှဉ်လျက် ကားပေါ်က အမူးသမားတွေက "ဟာ မင်းသားကြီး စွံလှချည်လား"ဆိုပြီး နှုတ်ဆက်ခံရတယ်။ ဒါနဲ့ "ဟေ့လူတွေ ငရဲကြီးပါ့မယ်၊ ဒါ သမီးဗျ"ပြောရတယ်။

ကိုယ်က မျက်နှာသိ အနုပညာသည်ဆိုတော့ အင်မတန် သတိထားခါမှ တော်ကာကျသည်။ ကိုယ့်မှာ ပုဂ္ဂိုလ်ရေးဒေါသဖြစ်စရာတွေ ဘယ်လောက်များများ စိတ်ထိန်းရသည်။ တစ်ခါလည်း ကျွန်တော်တို့ အေးဘုံတို့ အိမ်မှာ ပြဿနာတက်သည်။ ကိုယ့်နံဘေးပတ်ဝန်းကျင်ကို အားနာသဖြင့် အော်ကြီးဟစ်ကျယ် ရန်မဖြစ်ရဲ။ ပြီးတော့ ထိုစဉ်က ကျွန်တော် အရက်မူးနေချိန်။ ထို့ကြောင့် သာကေတ ခုံးကျော်တံတားကြီးဘက် ညကြီးသန်းခေါင် ကားမောင်းပြီး ထွက်ခဲ့ကြသည်။ ဟိုရောက်မှ မုန်အလုံပိတ်ပြီး အေးဘုံနှင့် စိတ်ရှိလက်ရှိ အော်ကြီးဟစ်ကျယ် ရန်ဖြစ်ကြသည်။ SIDE LAMP မီးဆေး

mgyoe.com

mgyoe.com


ထွန်းပြီး မှောင်ထဲမှာ ရှန်းရင်းဆန်ခတ် ဖြစ်ကြသည်။ ထိုစဉ်မှာပင် ပတ္တရောင်ရဲမျှား ရောက်ချလာပြီး မှန်တံခါးခေါက်လျက် စစ်ဆေးမေးမြန်းတော့သည်။ ကျွန်တော့်ကို မှတ်မိပုံမပေါ်။ မှောင်နေတာကိုး။ မူးပြီး စိတ်တိုနေသော ကျွန်တော်လည်း မှန်တံခါးဖွင့်ပြီး မချေမငံ ပြန်ပြောမိသည်။ တကယ်က ရဲမျှားမှာ တာဝန်အရ ကူညီဖို့လာခြင်းပင်။

နောက်ဆုံး လူကို ကောင်းကောင်း မမြင်ရသော်လည်း ကျွန်တော့် အသံကြားသွားမှ

"ဟာ အစ်ကိုကြီး ဘယ်လိုဖြစ်တာလဲ။ ကျွန်တော်တို့က အမျိုးသမီးတစ်ယောက်နဲ့ ပြဿနာဖြစ်နေပြီထင်လို့"ဟု ပြောရင်း ဇနီးသည် အေးဘုံကိုပါ လက်အုပ်ချီလျက် "ကန်တော့နော် ဆရာမ"ဟု နှုတ်ဆက်ကြသည်။

ကြည့်စမ်း အေးဘုံက ဘာဖြစ်သွားသနည်း။ တော်သေးသည်။ မိန်းမက နားလည်မှုလည်းရှိလို့။ ကားအတွင်း မီးဖွင့်လိုက်တော့လည်း အေးဘုံရုပ်က အိမ်ထောင်ရှင်မပုံ သနပ်ခါးပိန်းကျားနှင့်မို့။ ပြီးတော့ တာဝန်ကျ ပတ္တရောင်ရဲတွေမို့လို့။ အကယ်၍ အမူးသမားများ၊ မဟုတ်တရုတ်လူများ ဖြစ်နေလျှင် ဘယ့်နှယ်ဖြစ်ကုန်ကြမည်နည်း။ ပိုဆိုးတာက ကျွန်တော်သည် အသက်ကြီးသွားပြီဖြစ်သော်လည်း သရုပ်ပြနေရသေးသည့် လူသိရှင်ကြား။

ဘာပဲဖြစ်ဖြစ် ဖိုးသောကြာသည် အဖေ့အနုပညာအမွေကို ဆက်ခံသော သရုပ်ဆောင်မို့ ကိုယ်တွေ့တွေကို မကြာခဏ သတိပေးနေဦးမည်သာ။

အင်း ပြောရမယ်ကွာ ဖိုးသောကြာရေ။

❖ ❖ ❖

mgyoe.com

mgyoe.com

# (၂)

တလောက သမီးကြီးကို စိတ်လိုလက်ရ ရုံးအပြန် သွားကြိုဖြစ်ပါသည်။ သမီးက ရန်ကုန်မြို့တော်စည်ပင်သာယာရေး ရေဒီယိုဌာနတွင် အလုပ်လုပ်သူဖြစ်သည်။ ကျွန်တော်က ထိုနေ့တွင် မြို့တော်ခန်းမကို ကိစ္စတစ်ခုဖြင့် သွားရင်း လမ်းကြုံလို့ ဝင်ကြိုတာဖြစ်သည်။ နောမို့ဖြင့် သူ့ဘာသာ ဘတ်စ်ကားစီး ပြန်နေကျ။

ရုံးဆင်းချိန်ဖြစ်သောကြောင့် ကားတွေအလွန်ကျပ်သည်။ လိုင်းကားရော တက္ကစီရော ကိုယ်ပိုင်ပါဖြစ်သည်။ ဘတ်စ်ကား တိုးစီးနေကျ သမီးတော့မသိ။ ကျွန်တော်ပင် ကိုယ့်ကားပေါ် ကိုယ်ထိုင်ရင်း အလွန်ပဲ မွန်းကျပ်လှပါဘိသည်။ သမီးအပါအဝင် အငယ်တန်း ရုံးသမားများကို ကိုယ်ချင်းစာအားနာမိလေသည်။ ဆူးလေဘုရားမှ ထွက်ကတည်းက ကျပ်လိုက်သည့်ယာဉ်ကြောမှာ တာမွေရောက်တော့ မလှုပ်သာ မလွန့်သာပင် ဖြစ်လာရတော့သည်။ ကားကို တစ်လိုမ့်ချင်း လိုမ့်လိုက်၊ ရပ်လိုက် တန်းစီရလေသည်။ မီးပွိုင့်များကလည်း ထုံးစံအတိုင်း အနီတွေသာ များနေ၏။ ရုံးဆင်းချိန်ဆိုတော့ အရာရှိကြီးတွေ ကားကလည်း ဦးစားပေးနေရလေသည်။ လိုင်းကားကြီးတွေမှာလည်း ဟိုဝင်သည်တိုးရှိလေရာ ကန့်လန့်ကန့်လန့် ဖြစ်နေတတ်ပါသည်။ ထိုတွင်မှ ကျွန်တော့်ကား ဆီပိတ်ပါတော့သည်။ ဆူးလေဘုရားထွက်ခါစမှစပြီး ကားက ဖုတ်ချက် ဖုတ်ချက် လုပ်လာရာ တာမွေရောက်

mgyoe.com

mgyoe.com


သောအခါ ထိုးထိုးရပ်ပါတော့သည်။ စက်ပြန်နှိုးလိုက်နှင့် တော်တော် စိတ်မရှည်စရာ ဖြစ်ရပါသည်။ သည်ကြားထဲ နောက်ကား၊ ဘေးကားတွေကို အားနာရသေးသည်။ သူတို့စိတ်ထဲ ကားစက်မမှန်တာ သိမည်မဟုတ်။ တမင် ကန့်လန့်တိုက်သည် ထင်လိမ့်မည်။

ဟွန်းမတီးရဖုန်များဖြစ်သဖြင့် ဟွန်းတီးပြီး အချက်မပေးကြသော်လည်း မျက်နှာပျက်ပျက်နှင့် မျက်စောင်းထိုးကြ၏။ သည်လိုနှင့် တလိမ့်လိမ့်လာခဲ့ရာ တာမွေ ဗျိုင်းရေအိုးစင်လမ်းထိပ်ရောက်တော့

"သမီးကြီးရယ် ကားစက်မမှန်ဘူး။ နည်းနည်းဝင်ချိန်လိုက်ချင်တယ် ရမလား။ သမီး ထမင်းဆာနေပြီလား"

"မထူးတော့ဘူး ဖေဖေ ခုမှ ဘတ်စ်ကားပြောင်းစီးလို့ မရတော့ဘူး"

သို့နှင့် ဗျိုင်းရေအိုးစင်လမ်းထဲ ချိုးကွေ့ပြီး အသိဝပ်ရှော့ရှေ့ထိုးရပ်လိုက်ရသည်။

"ဘာဖြစ်သလဲ ဆရာ"

"စက်မမှန်ဘူး ဆီပိတ်နေတယ်"

ထိုသည်မှာ မဟာအမှား ဖြစ်တော့၏။ စက်မမှန်ရုံ၊ စက်သေသွားရုံနှင့် ဆီပိတ်တာဟု ပြောမိတာကို ဖြစ်သည်။ ကျွန်တော်က စက်မှုလက်မှုပညာ နည်းနည်း ကျွမ်းကျင်တာ ဝပ်ရှော့ဆရာ သိနေသဖြင့် ကျွန်တော့်အယူအဆကို လက်ခံပြီး ကာဗျူရေတာဖြုတ် ကြေးဆေးတော့၏။ ပြီးတော့ပြန် တပ်၊ စက်နှိုး၊ သည်လိုပဲ ပြန်ရပ်၊ ပြန်ဖြုတ်ပြန်ညှိ။ နှစ်ကြိမ်လုပ်ပြီးသော်လည်း စက်က မမှန်ပေ။ နောက်ဆုံးမှ အပြစ်သွားတွေ့သည်။ ဆီများနေတာတဲ့။ ဩော် စက်မမှန်တာက ဆီနည်းလို့ ဖြစ်နိုင်သလို ဆီများရင်လည်း ဖြစ်တတ်ပါလားဆိုတာ ကျွန်တော် သတိလစ်နေခဲ့ပါသည်။ သည်မှာတွင် ပြဿနာတက်တော့၏။ ကာဗျူရေတာ ဆီများလျှင် ဆီတွေ အန်တတ်၏။ အင်ဂျင်ပေါ်မှာ ဓာတ်ဆီတွေ ဖိတ်စဉ်ကျကုန်၏။ ထိုအချိန်တွင် စက်မနှိုးရပေ။ လျှပ်စစ်မီးကူးပြီး မီးထလောင်တတ်သည်။

ဟုတ်ပါ့။

ကျွန်တော့်ကား စက်ခန်း မီးထလောင်ပါတော့သည်။ တကယ်တော့ တရားခံမှာ နားလေးသော ကျွန်တော်သာ ဖြစ်ပါသည်။ စက်ခန်းဖွင့်ပြီး

mgyoe.com

mgyoe.com


စက်ချိန်နေတာက ဝပ်ရှော့ဆရာ။ ကျွန်တော်က ကားစက်ကို နှိုးပေး၊ ရပ်ပေး လုပ်ရုံသာ။ ဝပ်ရှော့ဆရာက "ဟိုး ဟိုး"ဟု အော်တာ ကျွန်တော် နှိုး နှိုး ဟု ကြားပြီး သော့ဖွင့်လိုက်ရာ ဝုတ်ခနဲ မီးထတောက်လေတော့သည်။ အားလုံး ပျာယာခတ်ကုန်ကြ၏။ ဝပ်ရှော့ကလည်း အိမ်ခြေရှုပ်သည့် လမ်းပေါ်မှာဆိုတော့ မီးလန့်သွားလေသည်။ ရပ်ကွက်က ဝိုင်းဝန်းပြီး မီးငြိမ်းဖို့ ကြိုးစားပါသေးသည်။ ရေနှင့်ဆိုလည်း မရ၊ သဲနှင့်လည်း မနိုင်ပေ။ ဓာတ်ဆီကား မီးလောင်လျှင် ဖြစ်တတ်သည့် ဓမ္မတာအတိုင်းပင်။

သည်လိုနှင့် ဝပ်ရှော့နှင့် အိမ်နီးနားချင်းအိမ်မှ အမျိုးသမီးကြီးတစ်ယောက် ပြေးထွက်လာသည်။ လက်ထဲတွင် မီးသတ်ဘူးကြီး မနိုင့်တနိုင်နှင့်။ ပြီးတော့ ခလုတ်ဖွင့်ပြီး ဖျန်းသည်။ သို့သော် ဘူးထဲမှ ဘာမျှထွက်မလာပေ။ နီးရာလူက ဓောက်ထိုးလုပ်ပြီး ဖျန်းမှ ဆပ်ပြာထုပ်လိုအရည်တွေ ပန်းထွက်လာပြီး ကားစက်ခန်းမီးလည်း ငြိမ်းသွားတော့သည်။ သည်တော့မှ အားလုံး သက်ပြင်းချနိုင်ကြလေသည်။ တစ်ခုကောင်းတာက သုမောင်ကားဆိုတာ ရပ်ကွက်က သိထားသဖြင့် ကျွန်တော့်ကို အပြစ်သိပ်မတင်ကြခြင်းဖြစ်သည်။ မင်းသားကြီးမို့ အားနာကြဟန်တူသည်။ တကယ်တော့ ကားမီးလောင်ခြင်းသည် အလွန် အန္တရာယ်ကြီးသည်မဟုတ်လား။ သို့သော် ကျွန်တော့်ကား မီးလောင်ပုံက ဆီမီးခွက်ကလေးတွေ ထွန်းသလောက်ပါ။ ဘာပဲဖြစ်ဖြစ် ဒါသည် အန္တရာယ်ပါပေ။ နောက်ဆုံးတော့ မီးသတ်ဘူးပိုင်ရှင် အမျိုးသမီးကြီးကို ကျေးဇူးတင်ရပေသည်။

သည်မှာတွင် ငိုအားထက် ရယ်အားသန် ဖြစ်ရလေသည်။ အကြောင်းကား စောစောကပြောသည့် အမျိုးသမီးကြီးသည် ဒေါင်းတည်မောင်းတည်ဖြင့် တစ်ရပ်ကွက်လုံးကြားအောင် ပြောလိုက်သည့် စကားကြောင့် ဖြစ်သည်။

"မနက်က ကျုပ်အိမ် ထိပေါက်သတော့။ စောစောစီးစီး မီးသတ်ရဲဘော် တွေလာပြီး မီးသတ်ဘူးကြီးရောင်းလို့ ကျုပ်ကလည်း ဘာလုပ်မှာလဲ ဆိုပြီး မဝယ်ဘဲနေမလို့ လုပ်သေးတာ။ နောက်တော့ ကောင်လေးတွေ သနားတာနဲ့ စိတ်မပါဘဲ ဝယ်လိုက်ရတယ်။ ခုတော့ အငှားရှိသွားပါပြီ။ အင်း အထူးသဖြင့် မင်းသားသုမောင်ရဲ့ ကားကို မီးသတ်ပေးလိုက်ရလို့ ဘူးဖိုးတန် သွားတဲ့အပြင် ဂျာနယ်ထဲ ပါရင်တောင် ကျုပ် နာမည်ကြီး သွားနိုင်

mgyoe.com

mgyoe.com


တယ်”တဲ့။

ဘာပဲဖြစ်ဖြစ် ကျွန်တော်ပြောချင်တာက အရေးဟယ် အကြောင်းရယ် ဟူ၍ အကူအညီလိုလျှင် အနုပညာရှင်တွေက ပိုပြီး အကူအညီရတတ်ခြင်း ပင်။ အထူးသဖြင့် အနုပညာသည်ကို ချစ်တဲ့စိတ်ဟာ တော်ရုံ စိတ်ဆိုးရင် တောင် ပြေတတ်သည်။ အန္တရာယ်ဖြစ်သည့် ကိစ္စသည်ပင် အနုပညာရှင်က ကာယကံရှင်ဖြစ်နေလျှင် ချက်ချင်း ခွင့်လွှတ်တတ်ကြသည်။ ဂုဏ်များပင် ယူလိုက်ကြသေးတာလား ဖိုးသောကြာတို့ရေ။ ဒါကြောင့် ပြောရမယ်ကွာ ဖိုးသောကြာရေ။

❖ ❖ ❖

mgyoe.com

mgyoe.com

# (၃)

တစ်ခါတွင် အရက်ကလေးတမြမြနှင့် ကျွန်တော်တို့အုပ်စု အင်းစိန်မှ ပြန်လာ၏။ ညကြီးသန်းခေါင် ဖြစ်လေသည်။ ကားမှာ မိတ်ဆွေအရာရှိ၏ ကားဖြစ်၏။ သူ့တပည့်က မောင်း၏။ ထိုသူနှင့်လည်း သူငယ်ချင်းဖြစ်လေသည်။ သူက အရက်မူးလျှင် ကားမောင်းညင်သာ၏။ အမှားဖြစ်မှာ အလွန်စိုးရိမ်၏။ ထို့ကြောင့် ကျွန်တော်တို့နှင့် အရက်သောက်ပြီး အပြန်ကျလျှင် သူ မမောင်းတော့ပေ။ ကျွန်တော် သို့မဟုတ် အဖွဲ့ထဲမှ တစ်ယောက်ယောက် မောင်းရလေသည်။ ထိုညက ကျွန်တော် မောင်းပါသည်။ အင်းစိန်လမ်းဆုံ ရောက်လေ၏။ လူတစ်ယောက်သည် လမ်းဆုံ ခလယ်ကောင်တည့်တည့်တွင် ရှေ့တိုးမလို၊ နောက်ဆုတ်မလို လုပ်နေပါသည်။ ဝဲယာ ရှေ့နောက်မှ ဆိုလို့လည်း ကျွန်တော်တို့ကားတစ်စီးသာ ရှိပါသည်။ ရှေ့မီးကြီးလည်း ထိုးထားပြီး ဟွန်းကိုလည်း အဆက်မပြတ် တီးပါသည်။ သို့သော် ထိုသူသည် မထီလေးစားသာ လုပ်နေပါသည်။ ထို့ကြောင့် စိတ်တိုလာပြီး ကားကို သူနှင့် လွတ်ရုံကလေးရှောင်ပြီး ဘရိတ်အုပ် လုပ်ပါသည်။ အလွန်စိတ်ရှည်သော မူလဒရိုင်ဘာ ကိုလူအေးပင် သည်းမခံနိုင်တော့ဘဲ ရော်ဘာဖိနပ်ဖြင့် လှမ်းပေါက်လိုက်ရာ ထိုသူ၏ ကျောကုန်းသို့ မှန်သွားပါသည်။ ကျွန်တော်တို့ အုပ်စုလည်း အရက်ခပ်ထွေထွေဖြင့် ဆင်းသွားကြပြီး သူ့ကို ဝိုင်းရုံလိုက်သောအခါ သူသည် ဘယ်သူ့ကိုမျှ မကြည့် မမြင်သော ပုံစံဖြင့်

mgyoe.com

mgyoe.com


ငှငှကြီး ရပ်လျက်သားက

"တိုက်မှာဖြင့်လည်း အသေသာတိုက်သတ်လိုက်ပါဗျာ"ဟု ငိုသံပါကြီးဖြင့် ပြောလေရာ ကျွန်တော်တို့အုပ်စုမှာ သူ့ကို ဆဲရေးကြိမ်းမောင်းဖို့ နေနေသာသာ ကိုယ်ကပဲ အမှားတစ်ခုခု ကျူးလွန်မိသလို နှုတ်ဆိတ်လျက် ကားပေါ်ပြန်တက်လိုက်ကြရပါတော့သည်။

သေချာတာတစ်ခုကတော့ သူ့တွင် တစ်စုံတစ်ရာ စိတ်ညစ်စရာ တစ်ခုခု ဖြစ်နေပုံရပြီး သေမထူး နေမထူး ပြဿနာနှင့် ကြုံနေခဲ့ရသည်ဟူ၍သာ နားလည်လိုက်ကြခြင်းဖြစ်ပါသည်။ အိမ်ထောင်ရေးလား၊ စီးပွားရေးလား၊ မိသားစုအရေးလား မသေချာသော်လည်း ကျွန်တော်တို့ သူ့ကို ကရုဏာသက်မိကြတာတော့ အမှန်ပင်။ ဤနေရာတွင် သူ့ဘာသာ ပြဿနာတက်တာနှင့် ကျွန်တော်တို့က တရားခံဝင်လုပ်ရမှာလားဟူ၍ ဆုံးဖြတ်ရန် ခက်သွားပါသည်။ လူတစ်ယောက်သည် ထွက်ပေါက်မရှိတော့သောအခါ ကြုံရာလက်နက်ဖြင့် အသက်စွန့်ရန် ဝန်မလေးတတ်ပေ။ အရေးကြီးသည်မှာ ကိုယ်က မဆီမဆိုင် လက်မလျှိုဖြစ်ဖို့သာ လိုပါသည်။ အထူးသဖြင့် ကျွန်တော်တို့လို မျက်နှာသိများ ပို၍ သတိထားအပ်ပါသည်။ သေချင်ပက်ကျိဖြစ်နေသူများ ဖယ်ထားလို့ အချို့ ကိုယ့်ပြဿနာနှင့်ကိုယ် ငှငှငေးငေး ဖြစ်နေသော လမ်းဖြတ်ကူးသူများစွာကို တွေ့ဖူးသည်။ သားတို့ သမီးတို့က စိတ်မရှည်ချင် ဖြစ်သောအခါ

"ကလေးတို့ရယ် မင်းတို့က ကားပေါ်မှာ အပူအပင်မဲ့ နေကြပေမဲ့ သူ့ခမျာ မိခင်ကြီး ဆေးရုံတင်ဖို့ ပိုက်ဆံမရှိဖြစ်နေသလား၊ အိမ်က ဆန်အိုးထဲ ဆန်မရှိလို့များလား စဉ်းစားပေးလိုက်ပါ"ဟု သတိပေးရသည်။

ကားလမ်းဖြတ်ကူးသူမှမဟုတ် ကားချင်းယှဉ်လိုက်မိလျှင် တစ်ဖက်ပုဂ္ဂိုလ်သည် အရေးကြီးလာသလား၊ စိတ်ဂဏှာမငြိမ် ဖြစ်နေသလား စသည်ဖြင့် ကိုယ်ချင်းစာရပေမည်။ ကိုယ်ချင်းစာသည်ဆိုသည်မှာ အကောင်းဖြစ်စေ၊ အဆိုးဖြစ်စေ မိမိနှင့် နှိုင်းစာခြင်းဖြစ်သည်။ အချို့ တမင်တကာ မထီလေးစားလုပ်သူများ တွေ့ဖူးကြပါလိမ့်မည်။ သူတို့စိတ်ထဲ ကိုယ့်ဘာသာ ဇာတ်လိုက်ထင်နေကြသဖြင့် အိုက်တင်ခံနေကြခြင်းမို့ သည်းခံခွင့်လွှတ်လိုက်လျှင် တစ်ရန်အေးပါသည်။

mgyoe.com

mgyoe.com


ဘာပဲဖြစ်ဖြစ် ယာဉ်တိုက်မှုဖြစ်ပြီဆိုလျှင် ကားပေါ်ကလူ အရှုံးသာဖြစ်ပါလိမ့်မည်။ အထူးသဖြင့် ဖိုးသောကြာတို့လို အညွန့်တလူလူ တက်နေသည့် အနုပညာရှင်ကလေးများ ပို၍ အလေးထားအပ်ပါသည်။

တခြားမကြည့်နှင့်။ ကျွန်တော် အိမ်ထောင်ကျစက အေးဘုံကိုကျောင်းသွားကြိုသည်။ သူတို့ဌာနက ပညာရေးတက္ကသိုလ်ဝင်းထဲမှာဖြစ်၏။ ကား လမ်းများသည် ကားနှစ်စီး လွတ်ရုံသာ ကျယ်၏။ တစ်ခါသော် ကျွန်တော် ကလည်း အလုပ်များနေပြီး အေးဘုံမှာလည်း ကလေးငယ်၏ ကျန်းမာရေးအတွက် စိတ်ပူနေချိန် လင်မယားနှစ်ယောက် ပညာရေး တက္ကသိုလ်ထဲမှ ကားကို အရှိန်မြှင့် မောင်းလာကြသည်။

တစ်ဖက်မျက်နှာချင်းဆိုင် ယာဉ်ကြောမှ ရုံးကားမှန်း သိသာသော ကားတစ်စီးက လမ်းခလယ်မှာ မောင်းလာသည်။ ကျွန်တော် မီးကြီးပြပြီး လမ်းတောင်းသည်။ မရ။ ဟွန်းတီးသည်။ မဖယ်။ အရာရှိမှန်း သိသာသော လူနှစ်ယောက် ရှေ့ခန်းတွင် ဟီလာတိုက် ရယ်မောနေကြတာ မြင်နေရသည်။ ထို့ကြောင့် ခေါင်းချင်းတည်ပြီး ရပ်လျက် ဆဲဆိုကြိမ်းမောင်းမိတော့သည်။ ရန်ဖြစ်ချင်လည်း ဖြစ်ရုံပေါ့ဟု။

သို့သော် မထင်မှတ်သော သူတို့၏ နှုတ်ဆက်ကလူပြုစကားကြောင့် ထိုညက အိပ်၍ပင် မပျော်တော့ပေ။

"ဟာ အစ်ကိုကြီး ဒေါသကြီးလှချည်လား။ ခုဘာကားတွေရိုက်နေလဲ"တဲ့။ သူတို့ ဘာမျှမဖြစ်သလို ရယ်မောနှုတ်ဆက်သဖြင့် အတော်အခံရခက် အရှက်ကြီးရှက်သွားရ၏။ နောင် ပညာရေးတက္ကသိုလ်ထဲရောက်တိုင်း ကိုယ့်လိပ်ပြာ ကိုယ်မလုံဘဲ ရှက်၍ချည်းသာ ဖြစ်နေရတော့သည်။

❖ ❖ ❖

mgyoe.com

mgyoe.com

# (၄)

မှတ်မှတ်ရရ ၁–၈–၂၀၀၅ တနင်္လာနေ့ကပါ။ မိုးတွေ သည်းကြီးမည်းကြီး ရွာနေတုန်း မြို့ထဲကနေ အလုပ်ကိစ္စနှင့် ပြန်ခဲ့ပါသည်။ ဇနီးသည်ရော သူ့ညီမရော တူမလေးပါ ပါသဖြင့် ကားတစ်စီး လူလေးယောက်၊ တစ်ယောက်က နောက်ခန်းမှာ မိုးစိုခံလို့။ ကားက ပစ်ကပ် အမိုးမပါ။ အလုပ်အကိုင်ကလည်း အဆင်မပြေခဲ့သဖြင့် စိတ်အလွန်တိုနေပါသည်။ ရှေ့ခန်းမှာ ပါလာသော အေးဘုံနှင့် သူ့ညီမကလည်း ဝဝဖိုင့်ဖိုင့်ကြီးတွေမို့ ဂီယာကောင်းကောင်း ထိုးမရသည့်ကြားက မှန်အလုံပိတ်ထားသဖြင့် ချွေးတစီစီ ဖြစ်နေပါသည်။ ကျွန်တော်ကလည်း အလျင်လိုသဖြင့် လမ်းတိုမှ ဖြတ်ခဲ့လေရာ ကားတန်းကြီးဖြင့် ပိတ်မိနေပါတော့သည်။

ကျွန်တော့်ရှေ့ကကားကို ကောင်းစွာ သတိထားမိပါသည်။ ၉၂၉ အမည်းရောင် (လေလံ)ဖြစ်ပါသည်။ 'ည' အက္ခရာပါ။ သူ မောင်းနေပုံမှာ သိပ်ဟန်မကျပေ။ ရပ်ချင်တိုင်း ထိုးရပ်လိုက်၊ မထွက်ဘဲ နေချင်နေလိုက်၊ ချက်ချင်းထွက် ချက်ချင်းရပ်လိုက် လုပ်နေပါသည်။ လက်ကိုင်ဖုန်း ပြောနေတာလား၊ ကားထဲမှာ ကလေးငယ် ပါလာသလားလည်း မသိ။ လူက အငြိမ်မနေဘဲ ငုံ့လိုက် လှည့်လိုက်ဖြင့် ဣန္ဒြေမရသည်ကို မှန်ဝါးဝါး မှန်ကြားမှာ မြင်နေရပါသည်။ ကိုယ်က စိတ်ရော လူရော ညစ်နေချိန်မှာ ရှေ့ကား ဒါမျိုး လုပ်နေလျှင် ဘယ်သူ သည်းညည်း ကြာကြာခံနိုင်ပါမည်နည်း။

mgyoe.com

mgyoe.com


ဟွန်းလည်းမတီးရဲ။ တီးလည်း သူ သိမည်မဟုတ်ပေ။ သူ့ရှေ့မှာ ကား တွေကလည်း တသီကြီး ဖြစ်နေသည်။ သည်လိုနှင့် အသုဘချသလို တလိမ့် လိမ့်လာခဲ့ရာ ဗညားဒလလမ်းရောက်ခါနီး ထိပ်ပိုင်းတွင် ကားတန်း ကြီး အတော်ကြာ ရပ်သွားပါသည်။ ထိုစဉ်

"ရှေ့ကားနောက်ပြန်လိမ့်လာတယ်"ဟု အေးဘုံက သတိပေးသဖြင့် မရဲတရဲ ဟွန်းတီးရပါသည်။ မရပေ။ ပို၍ ပို၍ အရှိန်ပြင်းစွာ လိမ့်ဆင်းလာ ပါသည်။ ဟွန်းကို အဆက်မပြတ်တီးရာမှ လုံးဝ မရပ်တမ်း တီးလိုက်ချိန်မှာ ပင် ဂျိမ်းခနဲ မြည်သံက ဟွန်းသံကို ဖုံးသွားတော့၏။ ကျွန်တော့်ကားကလေး လည်း ငြိမ့်ခနဲ ဖြစ်သွားပါသည်။ ဒါလည်း သူက လှည့်၍မျှ မကြည့်ပေ။ ရှေ့ဆက်သွားဖို့သာ ကြိုးစားနေရသဖြင့် ဂူးခနဲ သူ့ကိုပတ်ကျော်တက်ပြီး ရှေ့က ပိတ်ရပ်လိုက်ရပါသည်။ ကားကျော်နေစဉ် သူ့ကို နံဘေးတိုက် လှမ်း ကြည့်လိုက်တော့ "ဘာလဲ"ဟူသော မျက်နှာပေးဖြင့် မေးဆတ်ပြ၏။

စိတ်တိုလွန်းနေသော်လည်း ပထမဆုံး ကိုယ့်ကားခေါင်းပိုင်းကို ဆင်း ကြည့်ရပါသည်။ ကျွန်တော့်ကားလေးက ဆန်နီပစ်ကပ်မို့ ဘော်ဒီသား နုနယ် သည်မဟုတ်လား။ သူ့ကားက မာဇဒါ ဆိုတော့ မာသည်။ ပြီးတော့ ဖင်ပိုင်းနဲ့ ဆောင့်တာမို့ ဘာမျှ မဖြစ်လောက်ပေ။ ထိုစဉ်မှာပင် မိုးက သည်းသည် ထက် သည်းလာသဖြင့် တစ်ကိုယ်လုံး တုတ်တုတ်ရွှဲတော့သည်။ ထီး ကိုင်ပြီးဆင်းလာသော အေးဘုံတို့ကလည်း လူသုံးယောက်မှ ထီးတစ်လက် တည်း။ ကျွန်တော့်မှာ ရုံးပြင်ကနားကိစ္စဖြင့် ပြန်လာသည်ဖြစ်ရာ လည်က တုံးနှင့်၊ တိုက်ပုံနှင့်မို့ မိုးရေထဲ မသင့်လျော်ပေ။ ကားရှေ့ပိုင်းကို သေသေ ချာချာ ကြည့်တော့လည်း ချိုင့်ခြင်း၊ ပိန်ခြင်း မရှိပါ။ သို့သော် ဆန်နီဘန်ဘာ သည် ဦးချွန်လား၊ ဦးပြားလား မသေချာသဖြင့် ဘန်ဘာကောက်သွား သလားဆိုတာ မသိရသေးပေ။ သို့သော် ဟိုးနောက်က ကားတွေကလည်း ဟွန်းတစီစီ တီးနေပြီမို့ ကားပေါ်ပြန်တက်ရသည်။ စိတ်ထဲ ထင့်ခနဲ ဖြစ်သွား တာက မိုးရေထဲ တိုက်ပုံအင်္ကျီဝတ် လူကြီးတစ်ယောက် သည်လောက်ဖြစ် နေတာကို စောစောက ၉၂၉ (လေလံ) ကိုယ်တော် ဆင်း၍မျှ မကြည့်ခြင်းကို ဖြစ်၏။

"ကိုင်း ဆင်းပြီး သွားမေးစမ်းကွာ။ ဒါလောက်ဖြစ်နေတာ ဆင်းပြီး

mgyoe.com

mgyoe.com


သတင်းမေးဖော်တောင် မရဘူးလားလို့”

အေးဘုံ ဆင်းသွားပြီး သူ့ကားနားရပ် စကားပြောနေတာ နောက်ကြည့်မှန်ထဲက မြင်နေရသော်လည်း ထိုပုဂ္ဂိုလ်ကား တံခါးပင် ဖွင့်ဖော်မရပေ။ အေးဘုံပြန်လာပြီး

“မိုးတွေရွာနေလို့ မဆင်းနိုင်ဘူးတဲ့”

“ဟေ သူကလည်း တိုက်သေးရဲ့”

“သူ တိုက်တာမဟုတ်ဘူး။ အေးဘုံတို့က နောက်ကဝင်ဆောင့်တာ ထင်တာတဲ့”

ဝုန်းခနဲ ဒေါသထွက်သွားတော့သည်။ တကယ်ဆို ကျွန်တော်တို့က နောက်မှ တိုက်တယ်ဆိုလျှင်လည်း သူကပင် ဆင်းပြီး သူ့ကားနာမနာ ကြည့်ရမည်မဟုတ်လား။ ခုပုံဖြင့် လုပ်ပေါက်က “ငါ့ကားက အမာစား၊ ဒင်းတို့ကားပဲ ပိန်သွားမှာ။ ဂရုစိုက်စရာ မလိုဘူး”ဟူသော အထက်စီးပုံ။ ဖြစ်နေပါပြီ။

သူနှင့် စာရင်းရှင်းစရာ မလိုတော့ပေ။ ကိုင်း ရဲခေါ်ရုံပေါ့။ သို့သော် ရဲခေါ်လျှင်လည်း နောက်ကားအမှားပဲဟု အပြစ်ပုံချမှာမို့

“ကိုင်း မထူးဘူး။ သူ နောက်ပြန်တိုက်သလို ငါလည်း နောက်ပြန်တိုက်တော့မယ်။ ငါ့ကားနောက်မှာ ခြေနင်းခုံရှိတယ်”ဟု အော်ရင်း ဘက်ဂီယာထိုး၊ အင်ဂျင်ရေ့စ်လုပ်လိုက်တော့မှ သင်း အူယား ဖားယား ပြေးဆင်းလာပြီး

“ဘယ်လိုလုပ်တာလဲ”ဟု မေးရင်း စကားရပ်သွားတော့သည်။ ဧကန္တ သူ ကျွန်တော့်ကို မှတ်မိသွားပြီ။ ဟုတ်ပါ့။

“ဟာ မင်းသားကြီးကို ဆောရီးဗျာ တောင်းပန်ပါတယ်”တဲ့။

ကျွန်တော် ဘာမျှပြန်မပြောနိုင်တော့ပေ။

“ကျွန်တော်တို့ တစ်အိမ်သားလုံး ပရိသတ်တွေပါ။ မင်းသားကြီးမှန်း မသိလို့ပါ”တဲ့။

“မင်းသားကြီး မဟုတ်ရင်ကော ဒီလိုပဲ ဆက်ဆံမှာလား”ဟု အေးဘုံက ပြန်ပြောတာကိုပင် လက်မခံဘဲ “မင်းသားကြီး”ချင်းသာ မိုးမွှန်ပြီး တောင်းပန်နေတော့သည်။

mgyoe.com

mgyoe.com


"နော်ဗျာ နော်"ဟု လက်မောင်းကို လှုပ်ပြီးသာ တွင်တွင်ပြောနေသဖြင့် "သွားတော့ဗျာ"ဟု သက်ပြင်းချသံဖြင့် ပြောလိုက်ရတော့သည်။ သည်တော့လည်း

"ကိုင်း ကိုင်း မင်းသားကြီးကတောင် ခွင့်လွှတ်နေပြီပဲ"ဟု အားလုံးကို ပြန်ပြောသွားသေးပေါ့။

❋

ကျွန်တော်တို့ အနုပညာသမား ရုပ်ပြစားသူများအဖို့ ထိုကိစ္စမျိုးမှာ အမြဲပဲ ခံနေရတတ်ပါသည်။ ကိုယ့်ဘက်က တစ်စုံတစ်ရာ ပြန်ပြောလိုက်တာနှင့် "ကိုယ့်ပရိသတ်"ဆိုတာက ရှောအိတ်ဇောဘားလို အလိုက်သင့် ခံထားပြီးသားမို့ တော်တော်ခက်ပါသည်။ နေရာတကာလေး (LEAF) လို ဆောင့်တွန်း၍ မရပါတကား။

ဒါကြောင့် ပြောတာပေါ့ ဖိုးသောကြာရယ် မင်းသားဆိုတာ ရှောဘားပါပဲလို့။

❖ ❖ ❖

mgyoe.com

mgyoe.com

# (၅)

တစ်ခါတစ်ခါတော့ လူကြီးတန်မဲ့နဲ့ ကလေးကလား စိတ်တိုရတာတွေ ရှိတတ်ပါတယ်။ အထူးသဖြင့် ကားမောင်းနေတဲ့ အခါမျိုးပေါ့။ ကားမောင်းသူတိုင်း စိတ်ရှည်သင့်တယ်ဆိုပေမဲ့ ကိုယ့်ပြဿနာနဲ့ ကိုယ်ရှုပ်နေတဲ့အခါမျိုးတော့ စိတ်တိုမိကြမှာပါပဲ။ ဒါပေမဲ့ ကျွန်တော် စိတ်တိုတတ်ရတာက ဘာမဟုတ်တဲ့ ယာဉ်စည်းကမ်း မစောင့်ထိန်းတဲ့သူတွေနဲ့ ကြုံရတဲ့အခါမှာပါ။ "ဘာမဟုတ်တဲ့"လို့ ပြောရတာက ခွင့်လွှတ်သင့်တဲ့ စည်းကမ်းဖောက်ဖျက်မှုဝါဒကို တစ်ပါးသူက ကျူးလွန်ရင် ကိုယ့်အဖို့လည်း ဘာမျှ မည်မည်ရရ မနစ်နာပါဘဲ စိတ်တိုမိတတ်တာမျိုး ပြောတာပါ။ ဥပမာ မီးပွိုင့်ကြီးလိုနေရာမျိုးမှာ တည့်လမ်းကနေ ကွေ့လမ်းဘက် ဖွတ်လုတာမျိုး၊ ကွေ့လမ်းယူထားပြီးမှ မီးပွိုင့်စိမ်းသွားရင် တည့်လမ်းဘက် လုတတ်တာမျိုးပါ။ ဒါမျိုးကြုံတော့ ကိုယ်က လူကြီးဆန်ဆန်ပဲ အသာ အရှိန်လျှော့ပြီး သွားရော့လဟယ်လုပ်လိုက်ရင် ပြီးလျက်သားနဲ့ စိတ်တိုမိတတ်တာပါ။ စိတ်တိုမိပြီးမှ စဉ်းစားမိတာက "သြော် သူ့ခမျာ အရေးကြီးနေလို့ နေမှာပါ"ဆိုပြီး အားနာရပြန်ပါရော။ ဒါမျိုးကြုံရတာက အထူးသဖြင့် တက္ကစီနဲ့ ဘတ်စ်ကားတွေပါ။ သူတို့ခမျာမှာလည်း ခရီးသည်ဆိုတဲ့ ထမင်းရှင် ကျေးဇူးရှင်တွေအတွက် စည်းကမ်းဖောက်ရရှာတာပါလေလို့ ပြီးမှ သတိရတတ်ပါတယ်။ တွေ့တွေ့ချင်းကတော့ "တယ် ဒီလူတွေနှယ်ကွာ" ဆိုပြီး စိတ်တိုမိတယ်။

mgyoe.com

mgyoe.com

သူတို့ကို ပြီးမှ ခွင့်လွှတ်ရတတ်တာက သူတို့ရဲ့ လက်ညှိုးလေးတွေကြောင့်လည်း ပါပါတယ်။ ပြုံးဖြီးဖြီးနဲ့ လက်ညှိုးလေးတွေ ထောင်ထောင်သွားတတ်ကြတာ ငိုရခက် ရယ်ရခက်ပါပဲ။ ကြုံလို့ ပြောရဦးမယ်။ ကျွန်တော့်သူငယ်ချင်း ဆရာဝန်တစ်ယောက်ရှိတယ်။ သူဟာ အဲသလို နံဘေးကပ်ကပ်ပြီး ပြုံးပြ လက်ညှိုးထောင် ရှေ့အတင်းဝင်တာ ခံရဖန်များလို့ မီးပွိုင့်လိုနေရာရောက်ရင် နံဘေးကို ဘယ်တော့မှ မကြည့်ဘူး။ တမင်တကာကိုရှေ့တည့်တည့်ကြီး စိုက်ကြည့်နေတတ်တယ်။ တစ်ခါတော့ ကျွန်တော့်အိမ်ရောက်ပြီး ပရုတ်ဆီတောင်းတာနဲ့ မေးကြည့်တော့ အဲသလို ရှေ့ပဲ ကြည့်ဖန်များလို့ ဇက်ကြီးခိုင်နေပါသတဲ့ဗျာ။ တကယ့်အဖြစ်ပါ။

ကျွန်တော်က တစ်နေ့နှစ်ခေါက် သမီးငယ်ကို ကျောင်းကြိုကျောင်းပို့လုပ်ရပါတယ်။ ကျောင်းက နိုင်ငံခြားဘာသာတက္ကသိုလ်ပါ။ တက္ကသိုလ်ရိပ်သာလမ်းကို နေ့စဉ် လေးကြိမ်ဖြတ်ရတယ်ဆိုပါစို့။ တက္ကသိုလ်ရိပ်သာလမ်းထဲမှာ မီးပွိုင့်မရှိပေမဲ့ ယာဉ်ဂိတ်နှစ်ခုရှိပါတယ်။ အတွင်းဂိတ်၊ အပြင်ဂိတ်ပေါင်းရင် လေးခုဆိုပါစို့။ ခုနှယ်တော့ အငှားကားနဲ့ ဘတ်စ်ကားကလွဲရင် သွားလာဖြတ်သန်းခွင့် ရနေပါပြီ။ အရင်ကတော့ အရေးပေါ်ကားနဲ့ဖြတ်ခွင့် တရားဝင်တောင်းထားတဲ့ ကားတွေပဲ ဖြတ်ရပါတယ်။ ဘာပဲဖြစ်ဖြစ်သူသူကိုယ်ကိုယ် ခရီးတိုတစ်ခုကို ဖြတ်ခွင့်ရပြီဆိုတော့ ဝမ်းသာကြရတာပါပဲ။ ဒါပေမဲ့ ဒီလမ်းမှာ ယာဉ်စစ်ဂိတ်ရှိတယ်ဆိုတော့ မီးပွိုင့်လိုပဲ အလှည့်ပေး သွားလာကြရတာပါ။ မီးပွိုင့်ကမှ ကိုယ့်အလှည့်နဲ့ကိုယ်၊ သူက ဂိတ်ဆရာတွေရဲ့ အစီအစဉ်နဲ့ ဖြတ်ရ၊ ပြုံးရ၊ ရပ်ရ။ ဒါကို ယာဉ်မောင်းတိုင်းသဘောပေါက်ကြပါတယ်။ မီးပွိုင့်လို ကိုယ့်အလှည့်ဆိုပြီး ဇွတ်မောင်းလို့မရပါဘူး။ အရိပ်အခြည်ကြည့်ပြီး အဆင်ပြေအောင် နားလည်မှုနဲ့ ဖြတ်မောင်းကြရတာ။

စောစောကပြောတဲ့ ယာဉ်စစ်ဂိတ်ကလည်း ယာဉ်တစ်စီးစာပဲ ဖွင့်တာမို့ ဘယ်လိုအရှိန်နဲ့ မောင်းလာလာ ဂိတ်နားရောက်ရင် လျှော့ရပါတယ်။ တစ်စီးစာသာ ဖွင့်ထားတဲ့အတွက်လည်း ယာဉ်နှစ်စီး ယာဉ်ကြောထပ်ပြီးသွားလို့မရပါဘူး။ အားလုံး တန်းစီကြရပါတယ်။ ဒါက စည်းကမ်း သတ်မှတ်စရာမလိုတဲ့ စည်းကမ်းပါ။

mgyoe.com

mgyoe.com


ဒီမှာတင် နေ့စဉ်နဲ့အမျှ ကျွန်တော် ကြုံရတာကတော့ အားလုံးတန်းတူ တန်းစီပြီး ဂိတ်ဝမှာ ရပ်နေကြတုန်း နံဘေး (ညာဘက်)ယာဉ်ကြောကနေ ဖွတ်ဖြတ်ဖြတ်ဝင်ကြတဲ့ ကားတွေပါပဲ။ ကားတွေက ထောင်ကျော်တန်တွေ များပါတယ်။ တက္ကစီ၊ လိုင်းကားတွေလောက်လည်း မယဉ်ကျေးပါဘူး။ လက်ညှိုးကလေးလည်း ထောင်ဖော်မရပါဘူး။ ခပ်တည်တည်ပဲ မီးအချက် ပြပြီး ဝင်ကြတာပါ။ တကယ်တော့ အချက်မပြတာကမှ ခံသာပါသေးတယ်။ မသိလို့ပါဆိုတဲ့သဘော။ ခုဟာက "ငါလာပြီဟေ့" ဆိုတဲ့ပုံနဲ့ အချက်ပြပြီး ဖွတ်ဝင်လာတာပါ။ ပြောကြကြေးဆိုရင် သူသူကိုယ်ကိုယ် ကိစ္စဝိစ္စတွေနဲ့ ချည်းပါပဲ။ ကျောင်းချိန်မီချင်တဲ့ လူရှိသလို မီးနေသည် ဆေးရုံပို့မယ့်လူ လည်း ရှိတာပါပဲ။ အရေးတကယ်ကြီးလာရင်လည်း ဆေးကားကို တောင်း ပန်ပြီး အကူအညီတောင်းလို့ရတယ်။ တက္ကစီသမားတွေလို လက်ညှိုးကလေး ဖြစ်ဖြစ် ထောင်ပြပေါ့ဗျာ။ ကားသမားချင်း ဒါလောက်မရိုင်းပါဘူး။ ခုတော့ ဗျာ တစ်ခါလည်းမဟုတ်၊ နှစ်ခါလည်းမဟုတ်၊ တချို့ကားတွေဆိုရင် ကြုံ ရဖန်များလို့ ကားနံပါတ်တောင် မှတ်မိနေပါပြီ။

များသောအားဖြင့် ကားကြီးတွေကလည်း သိန်းထောင်ကျော်တန်သာ ဆိုရတယ် နုနုရွရွကလေးတွေ မဟုတ်ဘူး။ ရေစိမ်ခံကြီးတွေဗျာ။ မတော် ထိမိရင် ကိုယ်ပဲနာရမှာပါ။ ပြီးတော့ မကျေနပ်လို့ လူကို သွားပြောမယ်များ မကြံလိုက်ပါနှင့်။ ပြောဖို့နေနေသာသာပါလေ။ တကယ့်ကို အထက်စီး မျက်နှာတွေနဲ့ဗျ။ တကယ်တော့ ကားကောင်းကောင်းစီးရုံနဲ့၊ ကိုယ်အရှိန် အဝါကြီးမားရုံနဲ့ သိက္ခာရှိတယ်လို့ ပြောမရပါဘူး။ ပိုက်ဆံရှိတိုင်း စည်းကမ်း မဲ့လို့ မရပါဘူး။ ဘာပဲဖြစ်ဖြစ် အခွင့်ထူးခံချင်ရင်တောင် ယဉ်ယဉ်ကျေးကျေး လေးဆိုတော့ နံဘေးလူ ခံသာတာပေါ့ဗျာ။

တစ်ခါသားတော့ မှတ်မှတ်ရရ အဲဒီတုန်းက ယာဉ်စစ်ဂိတ်နဲ့ မလှမ်းမ ကမ်းမှာ မြေပေါ်ချခင်းထားတဲ့ သံချွန်တန်းတွေ ရှိပါတယ်။ အဲဒါ ကျွန်တော် တို့ ကားတန်းကြီးကို ထိမထင်တဲ့သဘောနဲ့ ဖြတ်ကျော်မောင်းသွားတဲ့ကား အဲဒီသံချွန်တန်း တက်နင်းပြီး လေးဘီးလုံး ပြားသွားပါရော။

ကျွန်တော့်မှာလေ ဟိုအစကပြောခဲ့သလို လူကြီးတန်မဲ့ အူမြူးပြီး ပျော်သွားလိုက်တာ မပြောပါနဲ့တော့။ ဒါနဲ့မပြီးသေးဘူး။ အဲဒီကားနား

mgyoe.com

mgyoe.com

သေသေချာချာ ယှဉ်ရပ်ပြီး "ဆရာကြီး လေးဘီးလုံးပေါက်သွားတာဗျ"လို့ ရယ်ပြီး ပြောခဲ့မိလို့ အဆဲခံလိုက်ရပါသေးတယ်။

သားကြီး ဖိုးသောကြာရေ တစ်ခါတလေတော့ အဲသလို အဆဲခံရတာ (မင်းသားပေမဲ့) တယ် အရသာရှိသကိုးကွာ။

❖ ❖ ❖

mgyoe.com

mgyoe.com

# (၆)

ကျွန်တော့်ဘဝတွင် ယာဉ်တိုက်မှု၊ ယာဉ်အန္တရာယ် ကြီးကြီးမားမား မဖြစ်ဖူးခဲ့ချေ။ ကျွန်တော့်ကြောင့် ဖြစ်ရခြင်းမဟုတ်သည်ကို ဆိုပါသည်။ ကျွန်တော်သည် ကိုယ်တိုင်ယာဉ်မောင်းတာများသော်လည်း အတိုက်အခိုက် အလွန်နည်းပါးသည်။ သူများတိုက်သွားတာ ခံရတတ်သည်ရှိသော်လည်း ကျွန်တော့်ယာဉ်ပေါ်ပါသူတို့ မထိခိုက်တတ်လှပေ။

ကျွန်တော်ကလည်း ယာဉ်ကို ကိုယ်တိုင်မောင်းရမှ စိတ်ကျေနပ်သူဖြစ်ပါသည်။ တစ်ပါးသူမောင်းတာကို စိတ်မချခြင်း၊ အားမလို အားမရဖြစ်ရခြင်းကတော့ ယာဉ်မောင်းသူတိုင်းနည်းတူ ဖြစ်ပါလိမ့်မည်။

ကျွန်တော့်အိမ်တွင် ယာဉ်မောင်းတတ်သူ ငါးယောက်ရှိပါသည်။ သမီးအငယ်ဆုံးမှလွဲလျှင် အကုန်ကားမောင်းတတ်သည်။ အေးဘုံလည်း မောင်းတတ်သည်။ ဖိုးသောကြာ၊ ဖိုးစနေလည်း မောင်းတတ်သည်။ အကြီးမစိုးအိမ်သူလည်း မောင်းတတ်သည်။ သို့သော် ကျွန်တော် ကားပေါ်မှာပါလာလျှင် ဘယ်သူမောင်းတာမှ မကြိုက်ပေ။ အမြဲလိုလို ကိုယ်တိုင်သာမောင်းပေသည်။ ဒါလည်း ဟိုနားသည်နား မြို့ထဲ အသွားအလာမှာပင်ဖြစ်သည်။ ခရီးဝေးဆိုလျှင်တော့ ကျွန်တော်သာ မောင်းလိုသည်။ သို့သော် ခရီးဝေးဆိုတာက တစ်ယောက်တည်း မောင်းလို့မသင့်ပေ။ အလှည့်ဖြင့်မောင်းကြရပါသည်။ ခရီးဝေးမောင်းနေကျ ဒရိုင်ဘာများသည်ပင် အလှည့်

mgyoe.com

mgyoe.com


ဖြင့် မောင်းကြရတာ တွေ့ဖူးကြပါလိမ့်မည်။ ထို့ကြောင့် ကျွန်တော်တို့မိသားစု ခရီးဝေးသွားလျှင် အမြဲလိုလို ကျွန်တော်သာ ဦးစားပေးမောင်းပါသည်။ ကျွန်တော် ညောင်းပြီ ညာပြီဆိုမှ တစ်ပါးသူ မောင်းရပါသည်။ ဒါတောင် ကျွန်တော်က စိတ်ချရသူကို ဦးစားပေးရွေးပါသည်။ အထူးသဖြင့် အေးဘုံကို မောင်းစေသည်။ အေးဘုံက ဉာဏ်ကောင်းသည်။ သတ္တိကောင်းသည်။ လျင်သည်။ ကားမောင်းသက်မှာလည်း ကျွန်တော်ပြီးလျှင် အရင့်ဆုံးဖြစ်သည်။ သူပြီးမှ ဖိုးစနေ။ ဖိုးစနေကား နည်းနည်း စိတ်ဆတ်တာကလွဲလျှင် လျင်သည်။ ဖိုးသောကြာက စိတ်ရှည်သည်းခံသော်လည်း စဉ်းစားဆင်ခြင်မှု များလွန်းသောကြောင့် ခရီးဝေးမှာ ခရီးမတွင် ဖြစ်တတ်လေသည်။

ပြီးခဲ့သည့် သင်္ကြန်ရက်က မန္တလေးမြို့မနှင့် လှည့်လည်ဖျော်ဖြေရန် မန္တလေးသို့ အိမ်မှကားဖြင့်ပင် သွားကြသည်။ မိသားစုနှင့် ဖြစ်သည်။ ရန်ကုန်က ထွက်ကတည်းက ကျွန်တော် မောင်းတော့သည်။ မှောင်ရီပျိုးသောအခါ နည်းနည်းညောင်းလာတာရော အရက်ကလေးသောက်ချင်တာရောကြောင့် ဖိုးစနေကို အလှည့်ပေးရသည်။ နောက်ပိုင်းတွင်တော့ ဖိုးသောကြာနှင့် သူ့အမေတို့ တစ်လှည့်စီ။ အေးဘုံက ခရီးပိုများများမောင်းသည်။ သူသည် ကျွန်တော့်လိုပင် ကိုယ့်ကိုယ်ကိုယ် ပိုပြီး ယုံကြည်တတ်သူသာဖြစ်သည်။ အထူးသဖြင့် ညဉ့်နက်ပိုင်းများ၊ ဝေလီဝေလင်းများတွင် အေးဘုံ မောင်းပါသည်။ သူက အအိပ်အနေလည်း နည်းသည်။ ကားမောင်းရင်း တရားမှတ်တတ်သူဖြစ်သည်။ ခရီးတစ်လျှောက်လုံး ကားရေတိုင်ကီနှင့် ရေလည်ဆုံဒုက္ခပေးသည်မှအပ မည်သည့်အန္တရာယ်မှ မကြုံပေ။ သို့သော် ရေတိုင်ကီဒုက္ခသည် ခဏခဏ ကားရပ် ရေဖြည့်ရသောကိစ္စမို့ ကရိကထတော့ တော်တော်များပါသည်။ ညပိုင်းရောက်နေသဖြင့်လည်း ကျော်ချပြီး ပြုပြင်ရန် မဖြစ်နိုင်ပေ။ သည်လိုဖြင့် မန္တလေးသို့ အန္တရာယ်ကင်းကင်း ရောက်သွားကြပါသည်။

မန္တလေးမှာ လှည့်လည်ဖျော်ဖြေသည်မှာ မြို့မအသင်း ငွေငန်းအလှပြကားကြီးနှင့် ဖြစ်သော်လည်း ကျွန်တော့်ကားကိုကား တွဲလျက် လိုက်ပါစေရသည်။ ကျွန်တော်က ကားကြီးပေါ်တွင် အချိန်ပြည့် ထိုင်မလိုက်နိုင်တော့ပေ။ အလွန်ပင်ပန်းပါသည်။ ကားလေးဖြင့်ပင် လိုက်ပါရင်း အလှည့်

mgyoe.com

mgyoe.com


ကျသောအခါ ကားကြီးပေါ်တက် ဖျော်ဖြေရသည်။ သည်မှာတွင် နိမိတ်ပြတာလားမသိ။ ကျွန်တော် ရှိနေစဉ်မှာပင် ကျွန်တော့်ကားလေးကို မျက်နှာချင်းဆိုင်မှ လမ်းပြောင်းပြန်ဆင်းလာသော သုံးဘီးယောက်စီး မော်တော်ဆိုင်ကယ်က ဝင်တိုက်သည်။ ကားရှေ့သဲကာ ပိန်သွားသော်လည်း ပြဿနာမဖြစ်ရဲပေ။ ကောင်လေးတွေက မူးလာကြသည်။ ကားပေါ်မှာ ဖိုးသောကြာကလည်း ပါနေသဖြင့် အကျယ်အကျယ် မငြိမ်းဖွယ် ဖြစ်နိုင်သည်။ သည်းခံလိုက်ရသည်။ နောက်တစ်ခါ ကျွန်တော် ကားပေါ်မပါဘဲ မတ်တူးတစ်စီးက ဘေးမှဝင်တိုက်သဖြင့် တံခါးချိုင့်သွားရပြန်သည်။ ထိုတစ်ကြိမ်မှာတော့ ရဲစခန်းအထိ ရောက်သွားသည်။ သူတို့က လျော်ပေးသည်။ ဘာပဲဖြစ်ဖြစ် ရန်ကုန်က ထွက်ကတည်းက ရေတိုင်ကီဒုက္ခပေးခြင်း၊ မန္တလေးရောက်တော့လည်း နှစ်ကြိမ်အတိုက်ခံရခြင်းတို့ကြောင့် မျက်ခုံးလှုပ်ရသည်။ စိတ်တထင့်ထင့် ဖြစ်နေသောကြောင့် အပြန်ခရီးမတိုင်ခင် ဆိုင်ရာပိုင်ရာတွေကို ကားသွားပြရသေးသည်။ ကားကိုလည်း လိုအပ်တာတွေ ပြင်ဆင်ရသည်။ အထူးသဖြင့် အောက်ပိုင်းတွေ သေသေချာချာ စစ်ဆေးပြုပြင်ရသည်။ သည်လိုနှင့် စိတ်ချရမှ မန္တလေးက ပြန်သည်။

မန္တလေးသင်္ကြန်တွင် ထုံးစံအတိုင်း ကျွန်တော် အရက်သောက်ဖြစ်သွားပါသည်။ ထို့ကြောင့် အပြန်ခရီးကို ကျွန်တော် မမောင်းတော့ချေ။ အေးဘုံလက် ဝကွက်အပ်လိုက်ပါသည်။ သူနှင့် သားတွေ တစ်လှည့်စီမောင်းပေစေ။ ကိုင်း ဆိုင်ရာပိုင်ရာလည်း ပြပြီးပြီ။ ကားကို စစ်ဆေးပြုပြင်ပြီးပြီ။ စိတ်အချရဆုံး အေးဘုံကိုလည်း ဝကွက်ပြီးပြီ။ ကျွန်တော် အရက်သောက်ပြီး အိပ်လိုက်သွားရုံသာ ရှိတော့သည်။

သို့သော် ပဲနွယ်ကုန်းအလွန်မှာ ကားမှောက်ပါတော့သည်။ မှောက်သွားသည်ကို ကျွန်တော် မသိလိုက်ပါ။ အရက်မူးနေသောကြောင့်မဟုတ်ပေ။ သည်လို မဖြစ်ဖူးသဖြင့် ကြောင်သွားခြင်းဖြစ်သည်။ မောင်းတာက သားတွေ မဟုတ်။ အေးဘုံကိုယ်တိုင်။ အချိန်က နံနက် နှစ်နာရီသာသာ။ လမ်းခရီးက မြို့မနီး ရွာမနီး။ ကားမှာ လွင့်တက်ပြီး တုံးလုံးပြန်ကျသတဲ့။ ကျွန်တော့်ကို ဆွဲထုတ်ယူရသတဲ့။ သတိရတော့ ကားလမ်းပေါ်မှာ ကျွန်တော် ငုတ်တုတ်ထိုင်လျက် ဖြစ်နေသည်။ သားကြီး ဖိုးသောကြာ၏ "အဖေ အဖေ

mgyoe.com

mgyoe.com


ဘာမှမဖြစ်ပါဘူးနော်”ဆိုသည့် စိုးရိမ်တကြီး အော်မေးနေသံကိုသာ ကြားနေရသည်။ မှောင်ကြီးမည်းကြီးမို့ ဘာမျှ မမြင်ရချေ။ မှောင်ထဲမှာပင် တစ်ယောက်နှင့်တစ်ယောက် မေးမြန်းပြီး အားပေးနေကြရသည်။ တော်သေးသည်။ ပွန်းရုံ ပဲ့ရုံမှလွဲ၍ တစ်မိသားစုလုံး ဘာမျှမဖြစ်ကြပေ။ နှလုံးရောဂါအခံရှိသော သမီးကြီး စိုးအိမ်သူသာ ခဏတာ သတိမေ့မြောသွားခဲ့ရသည်။

ခဏနေတော့ ပြောက်ကျားဆိုသလို လူလူသူသူတွေ ရောက်လာကြသည်။ လိုအပ်သလို ကူညီကြသည်။ လက်နှိပ်ဓာတ်မီးရောင်များကြောင့် သူတို့ကို မမြင်ရပေ။ လူစင်စစ်တွေမှ ဟုတ်ရဲ့လားဟူ၍ပင် ပြစ်မှားမိပါသေးသည်။ အားလုံးဝိုင်းကူကြသဖြင့် ပဲနွယ်ကုန်းသို့ ရောက်ကြပါသည်။ မှတ်မိနေတာက ပဲနွယ်ကုန်းမှ အကူအညီပေးသူ ဆရာဝန်ကြီးနာမည်မှာ ဦးတင်ရွှေ ဖြစ်နေသည်။ စာရေးဆရာ ဆရာဝန်တင်ရွှေကို ပြေးပြီး သတိရမိပါသည်။ ဌာနဆိုင်ရာအားလုံးက ကူညီခဲ့ကြသဖြင့် တစ်မိသားစုလုံး ဟင်း ချနိုင်တော့သည်။

ဘယ်လို ဘယ်လို ကားမှောက်ရသည်ကို ခုထိ စဉ်းစားမရကြသေးပေ။ တော်သေးသည်။ ကျွန်တော့်ကိုသာ အရပ်က မှတ်မိကြသည်။ သားဖိုးသောကြာကို လူသိပ်မသိခဲ့ပေ။ အားလုံးက ဖုံးဖုံးဖိဖိ ကူညီခဲ့ကြလေသည်။

သို့သော် နောက်နေ့ မိုးလင်းသောအခါ တုံးလုံးပက်လက် ဖြစ်နေသော ကားကို ရန်ကုန်–မန္တလေး အမြန် ခရီးသည်တင်ယာဉ်ကြီးကတွေ့သွားပြီး သုမောင်မိသားစု ကားမှောက်လို့ဟု သတင်းကြားသွားတော့သည်။ ထိုကားပေါ်တွင် စာနယ်ဇင်းဆရာအချို့ပါကြောင်း ကြားရပါသည်။

ရန်ကုန်ပြန်ရောက်သောအခါ တထိတ်ထိတ်ဖြင့် ဂျာနယ်များကို လှန်ကြည့်နေရသည်။ သတင်းပါသွားမှာ စိုးလို့။ မည်သည့်ဂျာနယ်မှာမှ သတင်းမပါပေ။ သူငယ်ချင်း ဂျာနယ်သမားများကလည်း ဖုံးဖိထားကြပုံရပါသည်။ သို့သော် သူတို့အားလုံး ကျွန်တော် ကားမှောက်တာ သိထားကြလေသည်။ ကျွန်တော် မောင်းပြီး ဖြစ်ရတာဟု ထင်ထားကြပုံပေါ်သည်။ တစ်ဆက်တည်းမှာပင် ကျွန်တော် အရက်မူးပြီး မောင်းတာဟု ထင်နေကြမှာ သေချာသည်။ သို့သော် သူတို့ ညာတာခဲ့လေသည်။

mgyoe.com

mgyoe.com


ဂျာနယ်သူငယ်ချင်းတွေကို ကျေးဇူးတင်ကြောင်း ဖိုးသောကြာကို ပြောရဦးမည်။

❖ ❖ ❖

mgyoe.com

mgyoe.com

# (၇)

မနှစ်က မန်းသကြ်န်အပြန် ကားမှောက်တာရေးတော့ သွားပြီး သတိရပါသေးရဲ့။ ဒီလိုပဲ ၁၉၈၉ ခုနှစ်က မန္တလေးသကြ်န်အသွား ကားတိုက်မှုဖြစ်ခဲ့ပါရော။ နော့ဖြင့် သုမောင်ပြောတော့ ကိုယ်ကတိုက်တာ ဖြစ်ခဲတယ်ဆို။ ကိုယ်တိုင်မောင်းရင်း တိုက်ခဲတယ်ဆို။ သည်လို ပြောစရာ ဖြစ်ပါတယ်။ မဟုတ်သေးပါဘူး။ အဲဒီတုန်းက ကျွန်တော်က ဝင်တိုက်တာမဟုတ်ဘဲ စက်ဘီးက ကျွန်တော့်ကို ဝင်တိုက်တာပါ။ ရုံးရောက် ဂတ်ရောက်တောင် ဖြစ်ခဲ့ရပါသေးတယ်။ ဖြစ်တာက ကားသမားတွေ သိတော်မူကြတဲ့အတိုင်း သည်လိုပဲ ဖြစ်နေကျနေရာ။ ရန်ကုန်က မိုင် ၂၀၀ လောက် ဟိုဘက်တော်တော်ကလေး အလွန်မှာပါ။ မြို့ပေါ်မှာ မဟုတ်ပါဘူး။ ရန်ကုန်က အသွား ကျောက်တံခါးမြို့အထွက်က ရွာတစ်ရွာနားမှာပါ။ အဲဒီနေရာမှာ အဲသလို ခဏခဏ ဖြစ်တတ်တယ်ဆိုတာ ကြားဖူးနားဝတော့ ရှိပါရဲ့။ ဒါပေမဲ့ ကိုယ့်ဇာနဲ့ကိုယ် သွားနေတုန်းဆိုတော့လည်း နေရာကို သေသေချာချာ မှတ်သားမထားမိဘူးပေါ့။ ဖြစ်ပြီဟေ့ဆိုမှ သတိတရ ဂရုစိုက်လိုက်တော့ သူသူငါငါ ပြောပြောနေခဲ့ကြတဲ့ နေရာလေးပါ။ မှတ်မှတ်ရရ ညာဘက်မှာ ရွာသုသာန်ကလေးရှိပါတယ်။ ဇရပ်အိုလေးနဲ့ပါ။ “အဲဒီနေရာရောက်ရင် သတိထား၊ ကားလမ်းပေါ် နွားမောင်းတင်ပြီး အတိုက်ခံတတ်တယ်။ ပေါမယ့် ဝက်ကို ကားလမ်းပေါ်လွှတ်ပြီး အလျော်တောင်းတတ်တယ်။ ဒီထက်ဆိုးတာက

mgyoe.com

mgyoe.com


အသားနာခံပြီး လူကိုယ်တိုင် ကားနဲ့ပွတ်ပြီး အတိုက်ခံတတ်တယ်”ဆိုစကား တွေ ကြားဖူးနား၀ ရှိပြီးသားပါ။

ဖြစ်ပုံက ဒီလိုပါ။ မိသားစုနဲ့ နောက်ဖွင့် ပါပလေကာကားလေး မောင်း လို့ လာပါတယ်။ မနက်ပိုင်း နေအေးချိန် ဆိုပါစို့။ မြို့မှာ လက်ဖက်ရည် သောက်လာခဲ့ကြတော့ အေးအေးဆေးဆေးပဲ မောင်းခဲ့ပါတယ်။ ဟုတ်ပါ့ ထုံးစံအတိုင်း ကျွန်တော် မောင်းခဲ့တာပါ။ ရှေ့ခန်းမှာ အေးဘုံနဲ့ နှစ်ယောက် တည်း။ နောက်ခန်းမှာ ဖျာခင်းပြီးတော့ သားသမီးလေးယောက်နဲ့ အဖော် ကောင်လေးတစ်ယောက်။

ကျွန်တော်ကလည်း အရက်သောက်မထားတဲ့အချိန်ပါ။ ဒီလိုနဲ့ မောင်း လာရင်း အဲဒီနေရာ မလှမ်းမကမ်းရောက်တော့ နောက်ခန်းက သားသမီး တွေက ကျောဘက်မှန်ကို လက်နဲ့ပုတ်ကြပါတယ်။ ဟဲ့ ဘာများတုန်းပေါ့။ နောက်မှ “ဖေဖေ့ သီချင်းလာနေတယ်”ဆိုပြီး ရိုးပြတ်တောတွေဘက် လှမ်း ပြမှ နားစိုက်ထောင်ပါတယ်။ လယ်ကွင်းတွေအကျော်မှာရှိနေတဲ့ သစ်ပင် တောအုပ်ဆီက လော်စပီကာနဲ့ ဖွင့်နေတဲ့ သီချင်းသံပါပဲ။ ဟုတ်ပါတယ် ‘သုမောင်’နဲ့ ‘မေဆွိ’ စုံတွဲ ‘မင်္ဂလာရွှေစုံတွဲ’တိပ်ခွေဖွင့်နေတာ။ အညာ ဘုရားပွဲသီချင်းပါ။ ‘ဒီနှစ် အညာ နွေဦးမှာ နှစ်ယောက်တွဲကာ အတူသွား မှာ ရောက်ပါတော့မယ် ကျွန်မတို့ ကုန်းစောင်းရွာ’တဲ့။ တောမင်္ဂလာဆောင် က ဖြစ်ပုံရပါတယ်။ ကျွန်တော်က နားလေးတော့ မကြားရပါဘူး။ အေးဘုံ က ကြားလို့ ပြန်ညည်းပြတဲ့ တေးသွားပါ။ ဒါနဲ့ စိတ်နဲ့မှန်းပြီး သီချင်း လိုက်ဆိုနေတုန်း

“ဟာ စက်ဘီး စက်ဘီး”ဆိုပြီး အေးဘုံက အလန့်တကြားအော် တော့ ကားရှေ့တည့်တည့်မှာ ကျွန်တော်တို့ တူရူသွားနေတဲ့ စက်ဘီးတစ်စီး ယိုင်ထိုးယိုင်ထိုးနဲ့ပါလား။ ဒါနဲ့ ဆတ်ခနဲ ဟွန်းရှည်ကြီး တီးလိုက်ရပါ တယ်။ စက်ဘီးသမားက နောက်တစ်ချက် ငုံ့ကြည့်ပြီး ညာဘက်ကိုပဲ ကွေ့ ဆွဲချလိုက်တာ သူ့နောက်ဘီးကို ကျွန်တော့်ကားရှေ့ ညာဘက်မီးကြီးနဲ့ တွန်း ချလိုက်သလို ဖြစ်သွားတော့တာပါပဲ။ စက်ဘီးဟာ နောက်ကအရှိန်နဲ့ ဆောင့် လိုက်သလိုဖြစ်ပြီး တရွတ်တိုက်လဲရင်း လမ်းဘေးမြောင်းထဲ ထိုးကျသွားပါ တယ်။

mgyoe.com

mgyoe.com


ဆက်မောင်းသွားမယ်ဆို လွတ်ပါတယ်။ ဒါပေမဲ့ ဒါဟာ လူ့အသက်တစ်ချောင်းကိစ္စ။ မတော်တဆဆိုတာ မပြောနိုင်ဘူး။ ဆင်းပြီးကြည့်မှ ဝတ္တရားကျေမယ်။ ပြီးတော့ စောစောကတင် ငါ့သီချင်းတွေ ဖွင့်နေတာ ဒီနားကရွာပဲ။ အဲဒီရွာကလူများ ဖြစ်နေမလား မသိဘူး။ ဒီလူဟာ သုမောင်ရဲ့ ပရိသတ် ဖြစ်ချင်ဖြစ်နေမှာဆိုတဲ့ ကလေးကလား အတွေးတွေကလည်း ဝင်လာပါတယ်။ ဒါနဲ့ ဘရိတ်ကို ဒက်စတော့နင်းချလိုက်တာ ကျွီဆိုတဲ့ ဘရိတ်ဖမ်းသံရှည်ကြီးဟာ အရပ်လေးမျက်နှာ ပဲ့တင်ထပ်သွားပုံရပါတယ်။ ကျွန်တော့်သီချင်းဖွင့်နေတဲ့ လော်စပီကာသံကို ကျော်သွားတဲ့ပုံပဲ။ ဒါကြောင့် ထင်တယ်။ 'ရောက်ပါတော့မယ် ကျွန်မတို့ ကုန်းစောင်း'ဆိုတဲ့အသံလည်း တိတ်သွားပါတယ်။

စက်ဘီးသမားဟာ ငုတ်တုတ်ထိုင်လျက်ကလေးပါပဲ။ ဘာမှဖြစ်ပုံ မရပါဘူး။ ငူငူငိုင်ငိုင်ဖြစ်နေတာတွေ့တော့ ခေါင်းတွေဘာတွေ ထိသွားသလားဆိုပြီး စိုးရိမ်ရပါသေးတယ်။ ကျွန်တော်တို့မိသားစု သူ့ကို ဝိုင်းကြည့်နေတုန်းမှာပဲ ကျွန်တော်တို့ကို လူအုပ်ကြီးက ထပ်ဝိုင်းလိုက်တာ သိရပါတော့တယ်။ သေချာပါတယ် အဲဒီရွာက လူတွေပါပဲ။ သူတို့က စက်ဘီးသမားကို ထူမပြီး "ဘယ်နာသွားလဲ"၊ "ဘာဖြစ်သွားလဲ" လုပ်ကြတာပေါ့လေ။ ဒါကတော့ ထုံးစံမဟုတ်လား။ ကျွန်တော့်ကိုလည်း သိကြပုံမပေါ်ပါဘူး။ အဲဒီမှာ ပြဿနာက ကျွန်တော့်ရဲ့ ပင်ကိုစိတ်ပါ။ စောစောက ပြောသလို တောသူတောသားတွေ၊ ငါ့ပရိသတ်တွေဆိုတာ စိတ်ထဲဝင်လာပြန်ပါတယ်။

"ကဲ ကဲ ဘာဖြစ်သွားလဲဗျာ ကျွန်တော် ကူညီပါ့မယ်။ လိုအပ်တာ ပြောပါ။ ကျွန်တော် သုမောင်ပါ"လို့ ပါးစပ်က ထွက်သွားပါတယ်။ "ကျွန်တော် သုမောင်ပါ"ဆိုတဲ့ စကားကတော့ ခုနကပြောတဲ့ စိတ်ရင်းကြောင့် အလိုလို ထွက်ကျသွားတာပါ။

ဒီမှာတင် သုမောင်မှန်းလည်းသိရော စက်ဘီးသမားဟာ ငုတ်တုတ်ကနေ ပစ်လဲသွားတော့တာပါပဲ။ အနားရောက်လာတဲ့ သူတွေကလည်း စုတ်သပ်ရာကနေ "အောင်မလေး သွေးတွေနဲ့" ဆိုပြီး အော်တဲ့သူက အော် "သေပါပြီ"ဆိုပြီး ငိုဟစ်တဲ့လူကဟစ် ဖြစ်ကုန်ပါတော့တယ်။

mgyoe.com

mgyoe.com


နေရာတကာ သုမောင်ကယ်ပေလို့ဆိုတဲ့ သုမောင် ဒီတစ်ချီတော့ ခံရပြီဆိုတာ သိလိုက်ပါတော့တယ်။ လူအုပ်ကြီးက ဝိုင်းထားတော့ ကျွန်တော်တို့မိသားစု မျက်စိသငယ် နားသူငယ်ပေါ့ဗျာ။ အားကိုးရာမဲ့သွားပါပြီ။ ဒီမှာတင် မန္တလေးဘက်ကလာတဲ့ ရိက္ခာသယ်တဲ့ စစ်လော်ရီကားကြီးနှစ်စီးက အနားမှာ ထိုးရပ်ပါတယ်။ မတ်တတ်ရပ်လိုက်လာတဲ့ ရဲဘော်နှစ်ယောက်စီ ပါပါတယ်။ ကံကောင်းချင်တော့ လူအုပ်ကြားထဲက မျက်နှာငယ်နဲ့ ရပ်နေတဲ့ ကျွန်တော့်ကို အဲဒီတပ်မတော်သားတွေက မှတ်မိသွားပါရော။ ချက်ချင်းကားပေါ်က ဆင်းလာပြီး လူအုပ်ကို လူစုခွဲပါတယ်။ အကျိုးအကြောင်းမေးပါတယ်။ ပြီးတော့မှ စက်ဘီးသမားကို ကျွန်တော့်ကားပေါ်တင်၊ အရပ်လူထုကို သူတို့ကားကြီးတွေပေါ်တင်ပြီး မြို့ကို ပြန်မောင်းခိုင်းပါတော့တယ်။

အကျဉ်းချုပ်ကတော့ အဲဒီနေရာမှာ အဲသလိုပဲ ခဏခဏ ဖြစ်နေတာမြို့ခံတာဝန်ရှိသူတွေက သိနေကြပါတယ်။ ဒါကြောင့် ကျွန်တော့်ကို လျှော့လျှော့ပေါ့ပေါ့ ဒဏ်ရိုက်ပါတယ်။ ဟိုလူကိုလည်း တာဝန်အရ ဆေးရုံတင်ပါတယ်။ ကျွန်တော်ကလည်း ဆေးဖိုးဝါးခ လျော်ကြေးပေးရပါတယ် (ရှေ့ပေါက်က ဆေးရုံတက်ပြီး ခုတင်ကိုကျော်ကာ နောက်ပေါက်က ဆင်းပြေးသွားကြောင်း သူနာပြုဆရာမလေး ပြန်ပြောလို့ သိရပါတယ်ဗျာ)။ ပြီးတော့ ကျွန်တော့်ကို ဒဏ်ငွေရိုက်တဲ့အချိန်မှာ တရားခံထိုင်ခုံမှာ ကျွန်တော်ဟာ ငြိမ်ငြိမ်လေး ထိုင်နေခဲ့ရပါတယ်။ ရုံးမင်းတစ်ထိုင်အချုပ်ဆိုပါစို့။ ကိစ္စဝိစ္စတွေပြီးလို့ မန္တလေးဘက် ပြန်ထွက်တော့ စောစောက ယာဉ်တိုက်မှုဖြစ်တဲ့ နေရာလေးမှာ ကားခဏရပ်ပြီး မိသားစု စနည်းနာကြပါသေးတယ်။

'ရောက်ပါတော့မယ် ကျွန်မတို့ ကုန်းစောင်းရွာ'သီချင်းသံလေး ကတော့ လွင့်ပျံ့နေဆဲပါပဲ။ အင်း ၁၉၈၉ ဆိုတော့ အဲဒီတုန်းက ဖိုးသောကြာ ဘာရှိဦးမှာလဲ ဆယ်နှစ်သားလောက်ပေါ့။

❖ ❖ ❖

mgyoe.com

mgyoe.com

# (၈)

မယုံမရှိပါနဲ့။ ကျွန်တော်ဟာ ကားဝယ်ရောင်းလုပ်ဖူးပါတယ်။ ဝယ်ပြီး ရောင်းတဲ့ ဝယ်ရောင်းစစ်စစ်တော့ မဟုတ်ဘူးပေါ့လေ။ ပထမဦးဆုံး ကိုယ့် ပိုက်ဆံနဲ့ ကိုယ်ဝယ်စီးတဲ့ကားလေး စီးခဲ့တာကြာတော့ နွမ်းလာတယ်။ ဒီလိုနဲ့ ရောင်းပြီး ငွေထပ်စိုက် နောက်တစ်စီး ဝယ်စီးလိုက်တယ်။ နောက်ပိုင်းတော့ ကားနွမ်းတာ မနွမ်းတာနဲ့ မဆိုင်တော့ဘူး။ ပိုကောင်းတဲ့ ကားလေးတွေတွေ့ လို့ ကိုယ့်မှာလည်း ငွေယားလေးရှိနေတယ်ဆိုရင် အလိုက်ပေးပြီး လဲလိုက် တယ်။ နောက်ပိုင်းကျတော့ ငွေယားလေးကလည်း ရှိရှိနေတတ်တာကြောင့် ကိုယ် ကြိုက်တဲ့ကားတွေ့ရင် မူလကားရောင်း၊ ငွေစိုက်၊ နောက်တစ်စီးဝယ် ပေါ့။ ဒီလိုနဲ့ နည်းနည်းလူလည်ကျလာပါရော။ ကိုယ်စီးနေတဲ့ကားနဲ့ တခြား ကိုယ်ကြိုက်မိတဲ့ ကားတွေ့ရင် မော်ဒယ်လ်တို့၊ အကွာရာတို့ပေါ်မူတည်ပြီး တည့် လဲတတ်လာတယ်။ အဲဒီအချိန်မှာ ကျွန်တော်က လူသိများ ကျော်ကြား တဲ့ သရုပ်ဆောင်ဖြစ်နေပြီဆိုတော့ သုမောင် စီးတဲ့ကားဆိုပြီး ဈေးတင်လို့ ရနေတာကိုး။ သဘောကတော့ ကိုယ့်နာမည်ကို တစ်ဖက်လူအပေါ်မှာ ဈေးတင်လိုက်တာပါပဲ။ ဒီလိုမှမဟုတ်လည်း ကိုယ်ရောင်းတဲ့အခါ ပွဲစားက 'အဲဒါ သုမောင်ရဲ့ကားပေါ့'ဆိုတဲ့ လူပြိန်းကြိုက်ဈေး ခေါ်ပေးကြပါတယ်။ တစ်ခု ကျွန်တော့်မှာ သစ္စာရှိနေတာက ကိုယ်ဝယ်စီးသမျှကားတွေကို သေ သေချာချာ ပြင်ဆင်ပြီး စီးတတ်တာပါပဲ။ ဒီတော့ ကျွန်တော့်ဆီက ကားဝယ် သွားတဲ့လူတွေ မနစ်နာပါဘူး။ အင်ဂျင်၊ ဂီယာ၊ ကရောင်း၊ ဆေး၊ ဘော်ဒီက

mgyoe.com

mgyoe.com


အစ သန့်သန့်ကလေးရတော့တာပေါ့။ ပြီးတော့ ကျွန်တော်က ကိုယ်တိုင်ကား ပြင်တဲ့သူ။ ကိုယ်မပိုင်ရင် ဝပ်ရှော့ဆရာ အိမ်ခေါ်ပြီး အနားက ထိုင်ပြင်တာ။ ဒီအတွက် 'သုမောင်ရဲ့ကား'ဆိုတဲ့စကားဟာ လူပြိန်းကြိုက် 'မင်းသားရဲ့ ကား'ဆိုတဲ့ အဓိပ္ပာယ်ထက် အလေးသာသွားတာ အမှန်ပါပဲ။

ကျွန်တော်က လူတစ်မျိုးပါ။ ကံအကြောင်းနဲ့ပတ်သက်ပြီး ပြောတာ ပါ။ လူတွေက ပြောကြတယ်။ ခြံနဲ့ ဝင်းနဲ့ တိုက်နဲ့ ကားနဲ့တဲ့။ ဂုဏ်ပုဒ် တွေကို တစ်ခုတည်းပေါင်းပြီး ကံကောင်းတာကို ပြောကြတာပါ။ ကျွန်တော် ကတော့ ခြံမြေတိုက်တာနဲ့ အကျိုးမပေးပါဘူး။ အမြဲတမ်း ဒုက္ခရောက်ရ တာချည်းပဲ။ ကားနဲ့ ပတ်သက်လို့တော့ အကျိုးပေး အကုန်ကောင်းပါတယ်။ တော်ရုံကားတွေ ကျွန်တော့်လက်ထဲရောက်ရင် အပြင်မှာ ကားဈေးတက် ရောပဲ။ အောက်ကားလေး ဝယ်စီးပါတယ်။ ဓာတ်ဆီဈေးကောင်းတော့ ဟန် ကျသွားရော။ သူလိုငါလို ကားဝယ်စီးတယ်။ စောစောက ပြောသလို 'သုမောင်ရဲ့ကား'ဆိုပြီး အရောင်းသွက်ပြန်ရော။ တစ်ခါတလေ မော်ဒယ်လ် မြင့် မြင့်လေးဝယ်တယ်။ ဟော ဝမ်းနာ ခေါင်းကိုက်သမားနဲ့တွေ့လို့ ဈေးတက် သွားပြန်ရော။ မကြာပါဘူး။ ပြန်ရောင်းတော့ မြတ်တာပဲ။

ဒီလိုနဲ့ပဲ လူဆိုတာက အရာရာမှာ တစ်သမတ်တည်းနေရတာမှ မဟုတ်တာ။ ဘဝဆိုတာ တက်ချည်သက်ချည်မဟုတ်လား။ တစ်ခါတော့ ကျွန်တော်ဟာ စာပေ၊ ဂီတ၊ ရုပ်ရှင် ဘာမှ လုပ်ကိုင်စားသောက်လို့ မရအောင် အခြေအနေ ဆိုးသွားခဲ့ပါတယ်။ တကယ့်ကို ငုတ်တုတ်ပါပဲ။ ဒီတော့ ကိုယ် ကျွမ်းကျင်တဲ့ အလုပ်ကလေးပဲ ဣန္ဒြေရရ လုပ်ရတာပေါ့လေ။ ဟုတ်ပါ့ ဝယ်ရောင်း။ ဒီတစ်ခါတော့ တကယ့်ကို ဝယ်ရောင်းစစ်စစ်။ ဝယ်စီး၊ ပြန်ရောင်း မဟုတ်တော့ဘူး။ အိမ်မှာ လက်ရှိရှိနေတဲ့ ကားလေးကို ခေတ် အခြေအနေနဲ့လိုက်အောင် ပြုပြင်တယ်။ စတစ်ကာကပ်တာ ခေတ်စားရင် ကပ်ပေါ့။ ဆေးအရောင်က မက်တဲလစ်ဆို ထပ်သုတ်ပေါ့။ မှန်ကာလာဆို လာပေါ့။ ဘီးအလိုင်းခွေဆို ခွေလိုက်ပေါ့။ ပြီးတော့ အလုပ်လည်း ကားပွဲစား တန်းစားထဲ ရွှေ့သွားပေါ့။

"ဟေ့ မင်းတို့ဆီမှာ ဒီထက်မော်ဒယ်လ်မြင့်တဲ့ ကားကောင်းကောင်း မရှိဘူးလား။ ငါ ကားလဲစီးမလို့"ဆိုတဲ့ အထက်စီးနဲ့ပေါ့လေ။

mgyoe.com

mgyoe.com


အမှန်က ဈေးကွက်ထဲ 'သုမောင်ရဲ့ကား' သွားပြတာပါ။ မတော် တဆ မြင့်တဲ့ကားမျိုး ဒုတ်ဒုတ်ထိ တွေ့ပြီဆိုတော့လည်း ကိုယ့်ကား အရင် ရောင်း၊ သူ့ကားတော့ ကြေးများလိုက်ရုံပါပဲ။ တစ်ခါတလေ ကံကောင်း ချင်တော့ မြင့်တဲ့ကားက ထင်တာထက် ဈေးနိမ့်နေရင် ဖမ်းဆွဲထားလိုက် ပေါ့လေ။ ကံကလေးကတော့ မဆိုးရှာပါဘူး။ စားနိုင်သောက်နိုင် နေနိုင်ခဲ့ပါ တယ်။ ထင်ထားတာက၊ အဲ မျှော်လင့်ထားတာကတော့ ပွဲစားအဆင့်ထိ ဆင်းဖို့ပါ။ တကယ်ပြောတာပါကွာ။ လူဆိုတာ ကိုယ့်ဘဝကိုယ်သိရင် အဆုံး စွန်ဆုံး အဆိုးကို တွက်ထားရတယ်မဟုတ်လား။ ဒါပေမဲ့ပေါ့လေ စောစော က ပြောသလို မော်တော်ကား ကံကလေးက မီးညွန့်မကျိုးလေတော့ ပိုနေမြဲ ကျားနေမြဲပေါ့။ စကားမစပ် ပြောရဦးမယ်။ ကျွန်တော့် မိခင်ကြီး ဒေါ်ခင်ညို က ပြောဖူးတယ်ကွ။

"ငါ့သားဟာ ဘဝဘဝက သူတော်ကောင်းတွေကို ကြေးစည်လှူခဲ့ လို့ အသံကောင်းနေတာ။ သူမြတ်လောင်းတွေကို ယာဉ်ရထား၊ ဖိနပ် လှူခဲ့ ဖူးလို့ မော်တော်ကားနဲ့ အကျိုးပေးနေတာ"တဲ့။ ဟုတ်မှာပါ။ ကျွန်တော်က ဗုဒ္ဓဘာသာပဲ။ အမေ့စကားကို ယုံကြည်တာပေါ့။ ကြည့်လေ ကားဝယ် ရောင်းဘဝနဲ့ ကျင်လည်နေစဉ်မှာပဲ ဘုရားပွဲတွေ၊ အလှူပွဲတွေမှာ ဓမ္မသီချင်း လေးတွေ လှည့်ပြီး ဆိုခွင့်ရခဲ့သေးတာကော။

ဆိုကြပါတော့လေ ပြောချင်တာက ကျွန်တော့်ကို အဆိုကျော်၊ ရုပ်ရှင် မင်းသား၊ စာရေးဆရာတစ်ယောက် ကံအလှည့်အပြောင်းကြောင့် ကားဝယ် ရောင်းလုပ်နေချိန်မှာပဲ ဘိုးစဉ်ဘောင်ဆက် ကျိကျိတက် ချမ်းသာတဲ့ သူငယ် ချင်းတစ်ယောက်လည်း ချမ်းသာရင်းစွဲနဲ့ ဝယ်ရောင်းဘဝထဲ ဝင်ခဲ့တဲ့ အကြောင်းပါ။ သူကတော့ ဘဝအပြောင်းအလဲကြောင့် မဟုတ်ပါဘူး။ စီး ပွားရေး အသေးစား ဝင်လုပ်တာပါ။ ဒီလိုနဲ့ သူငယ်ချင်းဟာ တစ်နေ့ ကျွန် တော့်ဆီရောက်လာပြီး လုပ်ငန်းစပ်ပါတယ်။

သဘောကတော့ လက်ရှိ ကျွန်တော်ကိုင်နေတဲ့ ဈေးကွက်မလှဘူး။ အမြတ်လည်းနည်းတယ်။ ပြောရရင် မင်းသားသုမောင်ရဲ့ ဂုဏ်နဲ့လည်း မတင့်တယ်ဘူးဆိုပါတော့။ ဒီတော့ သူက ကားကောင်းကောင်း ဝယ်ပေး မယ်။ ကျွန်တော်က ပြုပြင် ပြင်ဆင်ပြီးရောင်း။ အမြတ်ရရင် သုံးပုံတစ်ပုံ

mgyoe.com

mgyoe.com


ကျွန်တော်ယူ။ မဆိုးပေဘူး မဟုတ်လားဗျာ။ ကျွန်တော့်မှာ ဆံထုံးလည်း စိုက်၊ ဆီလည်းစိုက် လုပ်စရာ မလိုတော့ဘူး။ သူ့ဆံထုံးကို ဆီလိမ်းပေးရုံပဲ။ ဒါနဲ့ သဘောတူလိုက်တယ်ဆိုပါစို့။ သူက အဲဒီခေတ်က အကောင်းဆုံး တန်းဝင်စီတဲ့ ကားတစ်စီး ဝယ်ပေးပါတယ်။ ကျွန်တော်ပဲ စီးပေါ့။ လိုတာပြု ပြင်ပေါ့။ အိမ်မှာပဲထားပေါ့။ သဘောကတော့ သုမောင်ရဲ့ကားပေါ့။ ကားက တန်းဝင်တဲ့ကားဆိုတော့ ပြုရပြင်ရတဲ့ စရိတ်ကတော့ မသေးဘူး။ ဆိုပါစို့ ဗျာ အသေးအဖွဲ့ဖြစ်တဲ့ စတစ်ကာကပ်တာတောင် အဲဒီကားစတစ်ကာဈေးက ပိုကြီးတယ်။ ဒါပေမဲ့ပေါ့လေ မြတ်ရင် သုံးပုံတစ်ပုံတောင်ရမှာဆိုတော့ 'လုပ် လိုက်လေ ကြာသလား'လို့ပေါ့။ ဒီလိုနဲ့ ကားက ပတ်ကားဖြစ်သွားတော့ ကျွန်တော်လည်း 'ငါ့ကားကွ'ဆိုတဲ့ဟန်နဲ့ ပွဲစားတန်းလှည့်တာပေါ့လေ။ ဝယ်လက်လည်း တော်တော်ရလာပါပြီ။ ဒါတောင် ဈေးကိုတော့ ရနိုင်သမျှ ချူတုန်းပါပဲ။ အဲ တစ်နေ့တော့ သူငယ်ချင်းက သူ ကားအသုံးလိုလို့ဆို ပြီး ကားခဏတောင်းပါတယ်။ ယူပေါ့ သူ့ကားပဲဟာ။ သူကလည်း ပြော ရှာပါတယ်။ နေ့ဝက်လောက်ပဲ သုံးမှာပါတဲ့။ အဲဒီနေ့ကုန်ပိုင်းမှာပဲ ကားဝယ် မယ့်သူ ရောက်လာပါတယ်။ ဈေးကလည်း ကျွန်တော် ပြောထားတဲ့ဈေးနှုန်း။ ဒါနဲ့ ကိုယ့်ကား သူငယ်ချင်းခဏယူသွားတယ်ဆိုပြီး လိပ်စာပေးလိုက်မိ တယ်။ သွားကြည့်ပါပေါ့။ နောက်တော့ အဲဒီဝယ်လက် ပြန်မလာတော့ပါ ဘူး။ ညနေစောင်းတော့လည်း ကျွန်တော့်သူငယ်ချင်းက ကားပြန်မပို့တော့ ပါဘူး။ ဟုတ်ပါ့ 'သုမောင်ရဲ့ကား'ဆိုပြီး ရောင်းလိုက်တာပါပဲ။ ဗျာ သုံးပုံတစ်ပုံ ဟုတ်လား။ ဘယ့်နှယ်ဗျာ ကျွန်တော်ကိုယ်တိုင် ရောင်းလိုက် တာမှ မဟုတ်ဘဲဗျာ။ ပြင်ဆင်ထားတာတွေ ဟုတ်လား ဟာ ကျွန်တော့် သူငယ်ချင်းက မတွက်ကတ်ပါဘူး။

"သူငယ်ချင်း မင်း ပြင်ဆင်ထားတာတွေ စာရင်းအတိအကျပြကွာ။ ငါ ပြန်ပေးပါ့မယ်"တဲ့။ ဟာ ဒါတော့ ဘယ်ကောင်းပါ့မလဲ။ သူငယ်ချင်း ချင်း ဥစ္စာ။ ပြန်မတောင်းကောင်းပါဘူးလေ။

သား ဖိုးသောကြာရေ လူ့ဘဝဆိုတာ မပြောနိုင်ဘူးကွာ။ သားလည်း တစ်နေ့ ကားဝယ်ရောင်း လုပ်ချင်လုပ်ရမှာ။ သမ္မာအာဇီဝတော့ထားကွယ်။

❖ ❖ ❖

mgyoe.com

mgyoe.com

# (၉)

ကျွန်တော်တို့ငယ်ငယ်က ဖယ်မလီယာ ကားတွေခေတ်စားတော့ ဝတ္ထုတွေ၊ ရုပ်ရှင်တွေထဲ သူဌေးသားကို ထိုကားဖြင့် နိမိတ်ပုံပြုကြသည်။ ရွှေအိုရောင် ကိုရိုလာကားတွေ ခေတ်ထပြန်တော့ မင်းသား မင်းသမီးကို ထိုကားစီးစေခြင်းဖြင့် နိမိတ်ပြုပါသည်။ ကျွန်တော် ကိုယ်တိုင်ပင် ပထမဆုံးလုံးချင်း ဝတ္ထု 'အချစ်'တွင် မင်းသားနာမည် 'ကြည်ရအောင်'၊ မင်းသမီးနာမည် 'ငြိမ်းအေးမယ်'ဟု သုံးခဲ့ပါသေးသည်။ ထိုခေတ် (၁၉၇၄) က ကြည်မယ်၊ အေးမယ်ဆိုသော ဝေါဟာရတွေ ခေတ်စားနေတာကိုး။ ထိုဝတ္ထု ၁၉၉၅ မှာ တတိယအကြိမ် ပြန်ထုတ်တော့ ထိုဝေါဟာရတွေ ခေတ်မမီတော့ပေ။ သည်နေရာတွင် ခေတ်ပေါ်ဝေါဟာရ အသုံးပစ္စည်းများသည် ဇာတ်ကွက် ဇာတ်လမ်းတွင် အရေးမပါက ပြဿနာမရှိပေ။ အဓိကနေရာမှာ ယူထားလျှင်တော့ တစ်ခေတ်နှင့်တစ်ခေတ် အလှမ်းကွာလာသောအခါ ပရိသတ် နားမလည်နိုင်တော့ပေ။

ကျွန်တော်ဆိုလိုတာက ခေတ်မီ၊ ခေတ်ပြိုင်၊ ခေတ်ပေါ် ဝေါဟာရ ပစ္စည်းများ စာပေအနုပညာအတွက် တန်ဖိုးကြီးပါသည်။ အကြောင်းအရာပိုင်းကို ဖယ်ထားပြီး ရုပ်ဝတ္ထုပိုင်းမှာပါ အမြဲတမ်း ခေတ်မီနေဖို့ အရေးကြီးပါသည်။ ဥပမာ ဆရာကြီး ဗန်းမော်တင်အောင်၏ 'တောဘာသာပဲရယ်နှင့်'ဟူသော စကားအသုံးသည် သည်နေ့အထိ ခေတ်မီနေပါသည်။ ဆရာ

mgyoe.com

mgyoe.com


ကြီးဒဂုန်တာရာ၏ 'ရွှေအိုရောင်တို့၊ ဝတ်လစ်စလစ်လမ်းမကြီး၊ လေနုအေး' တို့သည် ယနေ့အထိ လူသုံးများနေဆဲဖြစ်ပါသည်။

စောစောကပြောသော လူသုံးကုန်ပစ္စည်း ဝေါဟာရများကား နေ့မြင် ညပျောက် ဖြစ်ကုန်လေသည်။ ရွှေအိုရောင်ကိုရိုလာတို့၊ ဖယ်မလီယာတို့ သည် ယနေ့အဖို့ ခေတ်မီသောပစ္စည်းများ မဟုတ်တော့ပြီ။ ခုနယ်ခါ ပါဂျရို၊ ပရာဒိုခေတ် ရောက်နေပါပြီ။ ကျွန်တော်၏ သိတယ်မဟုတ်လား ဝေါဟာရ သည်ပင် ထမင်းစားရေသောက် ဖြစ်သွားပါပြီ။ ထို့ကြောင့် ယနေ့ခေတ်ပေါ် ဝတ္ထုပစ္စည်း၊ အသုံးအနှုန်းများ နောက်ကျခံလိုက်နေတာကို ကျွန်တော် စိတ် မကောင်းဖြစ်မိသည်။ ကြည့်ပါ ပေါင်ချိန်တို့၊ ကုန်းစွန်းတို့၊ ကျန်ကျောင်း တို့ ဘယ်ရောက်ကုန်ပြီနည်း။ ဒါရိုက်တာရင်တို့၊ ပွါန်စော၊ အွန်စော တို့က နေရာယူသွားပါပြီ။

ခေတ်ပေါ်ဝေါဟာရ၊ ပစ္စည်းများကို စာပေထဲအသုံးပြုတာ အရာတော့ ရောက်ပါသည်။ သို့သော် ဝတ္ထုစာပေစသော ရသပညာပိုင်းတွင် ထည့်သုံး တာ အရေးမကြီးလှပေ။ သို့သော် သုတစာပေ စသော လေးနက်သည့် ပညာပိုင်းဆိုင်ရာများတွင် ပေါင်ချိန်တို့၊ ပွါန်စောတို့ ထည့်သုံးနေတာ ကိုးလိုး ကန့်လန့် ဖြစ်နေပါသည်။ ဆိုလိုတာက ခေတ်အဆက်ဆက် အသုံးပြုသော စာပေမျိုးတွင် ဣန္ဒြေမရ ဖြစ်ကုန်ပါသည်။ မူရင်း စာအရသာ ပျက်ပါသည်။

အချို့ အချို့သော ကျမ်းဆန်သည့် စာပေများတွင် ခေတ်ပေါ် ဝေါ ဟာရတွေ ထည့်သုံးတာ သွားကြားညပ်သလို ဖြစ်ရပါသည်။ ကျွန်တော်တို့ စာပေနယ်တွင် စာသန့်များ၌ အသုံးပြုစရာ ပမာပေး ဝေါဟာရများ၊ စကားပုံ များ၊ ပုံပြင်များ၊ နိပါတ်တော်များ၊ ရာဇဝင်များ မြောက်မြားစွာ ရှိနေပါသည်။ ဒါတွေကို စာသန့်ထွင်သုံးခြင်းဖြင့် စာလည်း ပိုခံ့ပါသည်။ ဒါတွေကို ခေတ်လူငယ်များ နားမလည်သည့်တိုင် သက်ကြီးစကား သက်ငယ်ကြား သဖြင့် လေ့လာနိုင်ပါသည်။ ကျွန်တော် ပြောခဲ့သော ခေတ်ပေါ်ဝေါဟာရ များကို စာခံ့စာသန့်များတွင် သုံးခြင်းအားဖြင့် ခေတ်မီသလား၊ ခေတ်ကို မှီနေသလား စဉ်းစားစရာ ဖြစ်သွားပါသည်။

ကျွန်တော် သူငယ်ချင်း စာပေသမားများကို ထိုကိစ္စ ပြောပြသော အခါ

mgyoe.com